**Ministry Of Sports Affairs**
**အားကစားရေးရာဝန်ကြီးဌာန**
**သတင်းလွှာ**

Monthly Newsletter Volume 4, No.5 May 2026

# အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း၊ ရေဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်၊ ရေဝတီတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသိန်းထွန်း၊ ရေဝတီတိုင်းဒေသကြီးအတွင်း Football For School Program ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် မိုးလုံလေလုံအားကစားရုံတည်ဆောက်မည့် မြေနေရာတို့အား လိုက်လံကြည့်ရှုစစ်ဆေး






နေပြည်တော်၊ မေ ၁၂

အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း၊ ရေဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်၊ ရေဝတီတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသိန်းထွန်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညဏ်ဇော်ဦးနှင့်အတူ တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရေဝတီတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများအား ရင်းရင်းနှီးနှီးတွေ့ဆုံ အမှာစကားပြောကြားခဲ့ပြီး ရေဝတီတိုင်းဒေသကြီးအတွင်း နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းပါ လမ်းညွှန်ချက်အရ Football For School Program ဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် မိုးလုံလေလုံ အားကစားရုံတည်ဆောက်မည့်မြေနေရာတို့အား လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညဏ်ဇော်ဦးတို့နှင့်အတူ ပုသိမ်မြို့ရှိ ကိုးသိန်းအားကစားကွင်း ရုံးခန်းမ၌ ရေဝတီတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းပါ လမ်းညွှန်ချက်များနှင့် ပတ်သက်၍ အားကစားကဏ္ဍမြင့်မားလာစေရေးနှင့် လူငယ်လူရွယ်များ၏ ကိုယ်လက်ကြံ့ခိုင်မှုများ တိုးတက်လာစေရေးအတွက် ပညာသင်ကြားသည့်အရွယ်တွင်အခြေခံပညာကျောင်းများ၌ ကိုယ်လက်လှုပ်ရှားမှုများ၊ အားကစားလှုပ်ရှားမှုများကို စနစ်တကျ လုပ်ဆောင်နိုင်အောင် ဖြည့်ဆည်းဆောင်ရွက်သွားရန် အာဟာရပြည့်ဝစွာဖြင့် စားသုံးနိုင်ရေး ဆောင်ရွက်ပေးသွားရန်လိုကြောင်း ပြောကြားခဲ့သည့်အတွက် အခြေခံပညာကျောင်းများတွင် အားကစားသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးနိုင်ရန် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်၍ ပေါင်းစပ်ဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိဝန်ကြီးဌာန၏ ရည်မှန်းချက်နှင့်လုပ်ငန်းများ အောင်မြင်စေရန်အတွက် ဝန်ထမ်းများအချင်းချင်း မိသားစုသဖွယ် စည်းလုံးညီညွတ်စွာဖြင့် ပေါင်းစပ်ဆောင်ရွက်သွားရန်လိုကြောင်း မှာကြားခဲ့ပြီး ဝန်ထမ်းများ၏ တင်ပြချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း၊ ရေဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်၊ ရေဝတီတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသိန်းထွန်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညဏ်ဇော်ဦးတို့နှင့်အတူ ကိုးသိန်းအားကစားကွင်း၌ ဖွင့်လှစ်သည့် ဘောလုံးသင်တန်းတွင် နည်းပြ ၆ ဦးတို့က သင်တန်းသား/သင်တန်းသူ အင်အား ၁၂၀ ဦးတို့ကို ဘောလုံးနည်းစနစ်ပိုင်းဆိုင်ရာ သင်ကြားလေ့ကျင့်ပေးနေမှု အခြေအနေများအားလည်းကောင်း၊ ပြေးခုန်ပစ်နည်းပြ ၃ ဦးတို့က အမျိုးသား/အမျိုးသမီး (မီတာ ၁၀၀ လက်ဆင့်ကမ်း၊ အမြင့်ခုန်)နှင့် အမျိုးသား (လမ်းလျှောက်) အားကစားနည်းတို့မှ အားကစားသမားအင်အား ၃၀ ဦးတို့ကို သင်ကြားလေ့ကျင့်နေမှု အခြေအနေများအားလည်းကောင်း၊ အဆင့်မြင့်ရေကူးကန်တွင် နည်းပြ ၆ ဦးနှင့် ရေကူးအားကစားသမား ၅၀ ဦးတို့၏ သရုပ်ပြသနေမှုများအားလည်းကောင်း၊ ပရိသတ် ၂၅၀၀ ဆံ့ အလျား ၁၂၀ ပေ အနံ ၉၀ ပေ ဘက်စုံသုံး

စာမျက်နှာ ၂ သို့ ►

အောင်မြင်မှုအခြေခံ “စ” ခုနစ်လုံးဆောင်ရန်

စိတ်ဓာတ်၊ စည်းကမ်း၊

စွမ်းအား၊ စည်းလုံးမှု

စံချိန်၊ စံညွှန်း၊ စံနှုန်း

မေလအတွက် သတင်းလွှာတွင်

ပြည်ထောင်စုဝန်ကြီးသတင်း - (၉) ပုဒ်
ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်သတင်း - (၁) ပုဒ်
ဒုတိယဝန်ကြီးသတင်း - (၇) ပုဒ်
ညွှန်ကြားရေးမှူးချုပ်သတင်း - (၁) ပုဒ်
ဆောင်ပါးရှင် ရဲလွင်အောင်(YU) - (၁) ပုဒ်
ဆုရအားကစားသမားကြိုဆိုသည့်သတင်း - (၁) ပုဒ်

# အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းသည် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသိန်းထွန်း၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်တို့နှင့်အတူ ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်အတွင်း Football For School Program ဆိုင်ရာ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် မိုးလုံလေလုံအားကစားရုံတည်ဆောက်မည့် မြေနေရာတို့အား လိုက်လံကြည့်ရှုစစ်ဆေး





နေပြည်တော်၊ မေ ၁၃

အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းသည် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသိန်းထွန်း၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညဏ်ဇော်ဦးတို့နှင့်အတူ တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်အတွင်း Football For School Program ဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ကျောင်းကုန်းမြို့နယ်တွင် မိုးလုံလေလုံအားကစားရုံ တည်ဆောက်မည့် မြေနေရာတို့အား လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းသည် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသိန်းထွန်း၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်၊ ညွှန်ကြားရေးမှူးချုပ် ဦးညဏ်ဇော်ဦးတို့နှင့်အတူ ပုသိမ်မြို့မှ ကျောင်းကုန်းမြို့သို့ ထွက်ခွာခဲ့ပြီး နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းပါလမ်းညွှန်ချက်အရ ကျောင်းကုန်းမြို့နယ်အတွင်း Football For School Program ဆိုင်ရာလုပ်ငန်းများကို Pilot Project တစ်ခုအနေဖြင့် လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့် မြို့မဘောလုံးကွင်းတွင် ဘောလုံးနည်းပြ ၆ ဦးတို့က အားကစားသမား ၁၀၀ ဦးတို့အား ဘောလုံးနည်းစနစ်ပိုင်းဆိုင်ရာ သင်ကြားလေ့ကျင့်ပေးနေမှုများအား လည်းကောင်း၊ ပြေးခုန်ပစ် နည်းပြ ၃ ဦးတို့က အားကစားသမား ၂၀ ဦးတို့အား ပြေးခုန်ပစ် နည်းစနစ်ပိုင်းဆိုင်ရာ သင်ကြားလေ့ကျင့် ပေးနေမှုများအားလည်းကောင်း၊ ပိုက်ကျော်ခြင်း နည်းပြ ၄ ဦးတို့က အားကစားသမား ၄၀ ဦးတို့အား ပိုက်ကျော်ခြင်း အားကစားနည်း အခြေခံနည်းစနစ်ပိုင်းဆိုင်ရာ သင်ကြားလေ့ကျင့်ပေးနေမှုအခြေအနေများအားလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး အားကစားကဏ္ဍမြင့်မားလာစေရေး၊ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရေး၊ လူငယ်လူရွယ်များ၏ ကိုယ်လက်ကြံ့ခိုင်မှုများ တိုးတက်လာစေရေးနှင့် တိုင်းဒေသကြီးအားကစား အဆင့်အတန်း ပိုမိုတိုးတက်လာစေပြီး မျိုးဆက်သစ် အားကစားသမားများစွာ မွေးထုတ်ပေးနိုင်စေရေးတို့အတွက် ဘောလုံး၊ ရေကူး၊ ပြေးခုန်ပစ် အားကစားနည်းများနှင့် ကိုယ်လုံပညာရပ်စသည့် (အတိုက်) အားကစားနည်းများအပြင် အခြားအားကစားနည်းများကိုလည်း အခြေခံပညာကျောင်းများ၌ အားကစားနည်းအလိုက် အခြေခံအားကစားသင်တန်းများ ဖွင့်လှစ်သင်ကြားပေးနိုင်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့များ၊ သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်၍ စီစဉ်ဆောင်ရွက်ပေးသွားရန် တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားခဲ့သည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျောင်းကုန်းမြို့နယ်အားကစားကွင်းနှင့် အလျား ၁၂၀ ပေ အနံ ၉၀ ပေ မိုးလုံလေလုံအားကစားရုံ တည်ဆောက်မည့်မြေနေရာတို့အား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး အားကစားကွင်း/အားကစားရုံ ရေရှည်တည်တံ့

စာမျက်နှာ ၃ သို့ ►

မျက်နှာဖုံးမှ အဆက် ►

မိုးလုံလေလုံအားကစားရုံ တည်ဆောက်မည့်မြေနေရာအားလည်းကောင်း၊ အားကစားနှင့်ကာယပညာသိပ္ပံ(ပုသိမ်) ကျောင်းအတွင်း တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများအားလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီးနောက် မိမိတို့ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အတိုင်း Smart School နှင့် Football For School အစီအစဉ်များကို Pilot Project တစ်ခုအဖြစ် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ပေါင်းစပ်၍ တိုင်းဒေသကြီးနှင့်ပြည်နယ် ၅ ခုဖြစ်သည့် ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ရက် ၁၀၀ စီမံချက်များ ရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရန်အတွက် အိုလံပစ်အားကစားနည်းများကို ရွေးချယ်ကာ အခြေခံအားကစားသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခြင်းနှင့် တိုင်း/ခရိုင်/မြို့နယ်ပေါင်းစုံ အားကစားပြိုင်ပွဲများနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား အားကစားပြိုင်ပွဲများကို ကျင်းပပြုလုပ်ပေးခြင်းဖြင့် မျိုးဆက်သစ်အားကစားသမားများ ရရှိစေရေးအတွက် ရှာဖွေဖော်ထုတ်ပေးသွားရန် တာဝန်ရှိသူများကို တိုက်တွန်းမှာကြားခဲ့ကြောင်း သိရသည်။

# နိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ စီမံချက်ဖြင့် ခြင်းလုံးဒိုင်လူကြီးနှင့်နည်းပြသင်တန်း (၁/၂၀၂၆) ဖွင့်ပွဲအခမ်းအနားကျင်းပ






နေပြည်တော်၊ မေ ၁၈

နိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ စီမံချက်ဖြင့် အားကစားရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် ခြင်းလုံးဒိုင်လူကြီးနှင့်နည်းပြသင်တန်း(၁/၂၀၂၆) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်၊ အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)ရှိ ဘက်စုံသုံးခန်းမ၌ ကျင်းပခဲ့ရာ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးကျော်သူ၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညဏ်ဇော်ဦး၊ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်နာယက ဦးစိုးတင့်၊ ဥက္ကဋ္ဌ ဦးရဲဝင့်ထွန်းတင်၊ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြ ဆရာများနှင့် သင်တန်းသား/ သင်တန်းသူများ တက်ရောက်ခဲ့သည်။

ဦးစွာ သင်တန်းသား/သင်တန်းသူများက တစ်ဦးချင်း ဂါရဝပြုမိတ်ဆက်ခဲ့ကြပြီးနောက် ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက သင်တန်းဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ အတွင်း စီမံချက်အဖြစ် မြန်မာ့အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်၊ မြန်မာ့ရိုးရာအားကစားနည်းကို မြတ်နိုးတန်ဖိုးထားတတ်စေရန်နှင့် မျိုးဆက်သစ်အားကစားသမားများ ရှာဖွေဖော်ထုတ်ပေးနိုင်စေရန် ရည်ရွယ်၍ ယခု ခြင်းလုံးဒိုင်လူကြီးနှင့်နည်းပြသင်တန်းအား ဖွင့်လှစ်သင်ကြားပို့ချပေးခြင်းဖြစ်ကြောင်း၊ မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပညာသည် ခက်ခဲနက်နဲ၍ သိမ်မွေ့နူးညံ့သည့် ပညာရပ်တစ်ခုဖြစ်ပြီး လွန်ခဲ့သည့် နှစ်ပေါင်း ၁၅၀၀ ကျော်ပျူခေတ်ကတည်းက ပြည်ခရိုင်၊ မှော်ဇာမြို့ကုလားကန်ရွာအနီးရှိ ခင်ဗကုန်း ရှေးဟောင်းသုတေသနဌာနမှ ဌာပနာပစ္စည်းများ ဖော်ထုတ်ခဲ့ရာတွင် ငွေထည်ခြင်းလုံးကလေး ပါရှိခဲ့ကြောင်းကို စာပေသမိုင်းမှတ်တမ်းများအရ သိရှိခဲ့ရပါကြောင်း၊ ခြင်းလုံးခတ်ကစားခြင်းသည် မြန်မာတို့၏ ရိုးရာအားကစားနည်းဖြစ်၍ ရှေးယခင်ကတည်းက ထိန်းသိမ်းကစားခဲ့ကြပြီး ယခုအခါ အရှေ့တောင်အာရှအားကစားပြိုင်ပွဲအထိ ထိုးဖောက်နိုင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်ကို ၁၉၅၃ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး နည်းဥပဒေများရေးဆွဲအတည်ပြု၍ သင်တန်းများဖွင့်လှစ်ခြင်းနှင့် ပြိုင်ပွဲများကျင်းပခြင်းတို့ကို ပြုလုပ်ပေးခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်၏ ဆောင်ပုဒ်ဖြစ်သည့် "အပေးအယူ လွန်ကြည်ဖြူ၊ ခြင်းမူစာဂမျှစိတ်တ" ဆိုသည့်အတိုင်း တစ်ဦးနှင့်တစ်ဦးအပေးအယူမျှတစွာ ကြည်ကြည်ဖြူဖြူနှင့် နားလည်မှုရှိစွာ ကစားရခြင်း "ပို့၊ ထောက်၊ ကောက်၊ ခတ် ဤလေးရပ် အစဉ်သတိချပ်" ဆိုသည့် စာသားအတိုင်း ခြင်းလုံးအားကစားနည်းသည် အသက်အရွယ်၊ လူတန်းစား ကျား/မ မရွေး ခတ်ကစားနိုင်သည့် အားကစားနည်းတစ်ခု ဖြစ်ပါကြောင်း၊ ခြင်းလုံးအားကစားနည်းကို ၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သည့် ၂၇ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် စတင်ထည့်သွင်းကျင်းပခဲ့ပြီး ၂၀၂၅ ခုနှစ် ထိုင်းနိုင်ငံ၌ ကျင်းပခဲ့သည့် ၃၂ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအထိ ခြင်းလုံးအားကစားနည်းဖြင့် နိုင်ငံတော်အတွက် ရွှေတံဆိပ် ၁၆ ခု၊ ငွေတံဆိပ် ၃ ခု၊ ကြေးတံဆိပ် ၁ ခု၊ စုစုပေါင်း ဆုတံဆိပ် ၂၀ ခုကို ဆွတ်ခူးရယူပေးနိုင်ခဲ့၍ များစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်များရယူပေးနိုင်ရန် နည်းပြများ၏ အခန်းကဏ္ဍမှာလည်း အရေးပါသည့်အတွက် ယခုလို ဒိုင်လူကြီးနှင့် နည်းပြသင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်သင်ကြားပေးသွားရန်လိုကြောင်း၊ မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ အနေဖြင့် ခြင်းလုံး

စာမျက်နှာ ၄ သို့ ►

စာမျက်နှာ ၂ မှ အဆက် ►



စေရေး၊ မြက်ခင်းများ စိမ်းလန်းစိုပြည်စေရေးနှင့် အားကစားကွင်းပတ်လည် သန့်ရှင်းသာယာလှပစေရေးတို့အတွက် မြက်ဖြတ်ခြင်းများနှင့် သန့်ရှင်းရေးများကို ပုံမှန်ပြုလုပ်၍ ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ အားကစားကွင်း/ အားကစားရုံများတွင် ပြည်သူများ ကိုယ်လက်လှုပ်ရှားမှုများနှင့် အားကစားလေ့ကျင့်ခြင်းများကို လာရောက်ပြုလုပ်နိုင်ရေးအတွက် လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ပေးသွားရန် တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သိရသည်။

**မျိုးချစ်စိတ်ဓာတ် ထက်သန်ရေး အားကစားကို အစဉ်အားပေး**

# အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း မကွေးတိုင်းဒေသကြီးအတွင်းရှိ အားကစားကွင်း/အားကစားရုံများအား လိုက်လံကြည့်ရှုစစ်ဆေး





နေပြည်တော်၊ မေ ၁၉

အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းသည် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကိုနှင့်အတူ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးများ၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညဏ်ဇော်ဦးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့မွန်းလွဲပိုင်းတွင် မကွေးတိုင်းဒေသကြီးအတွင်းရှိ အားကစားကွင်း/ အားကစားရုံများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အတူ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများ၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများလိုက်ပါလျက် မင်းဘူးမြို့သို့သွားရောက်၍ မင်းဘူးခရိုင် ဘောလုံးကွင်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု လုပ်ငန်းများဖြစ်သည့် ဘောလုံးကွင်းအား မြေဖို့ခြင်း၊ မြေညှိ မြေကြိတ်ခြင်း၊ ငါးရိုးပုံရေစိမ့်မြောင်းပြုလုပ်ခြင်း ဘောလုံးကွင်းအား ကျောက်၊ နှန်း၊ သဲ၊ ဖွဲ့ပြာခင်းခြင်းနှင့် ရေမြောင်းအား ၁ ပေ x ၆ လက်မ မြှင့်တင်ခြင်းနှင့် လိုအပ်သည်များဆောင်ရွက်ခြင်း၊ ပြေးလမ်းခင်းကျင်း ဆောင်ရွက်ခြင်း၊ ပြေးလမ်းရေမြောင်းမှ မူလရေမြောင်းသို့ ရေထုတ်မြောင်း ပြုလုပ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် မိုးလုံလေလုံအားကစားရုံတို့အား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး အားကစားကွင်း/အားကစားရုံ ရေရှည်တည်တံ့စေရေး၊ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေး၊ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးစေရေးတို့အတွက် တာဝန်ရှိသူများက စိစစ်ကြပ်မတ်သွားရန် မှာကြားခဲ့ပြီးနောက် မိုးလုံလေလုံအားကစားရုံတွင် ဝူရှူးနည်းပြ ၂ ဦးတို့က အားကစားသမား ၂၄ ဦးတို့အား ဝူရှူးနည်းစနစ်ပိုင်းဆိုင်ရာ သင်ကြားလေ့ကျင့်ပေးနေမှုများအား ကြည့်ရှုအားပေးခဲ့ပြီး မျိုးဆက်သစ် ဝူရှူးအားကစားသမားများ ပေါ်ထွက်လာစေရန်နှင့် မြန်မာ့လက်ရွေးစင် ဝူရှူးအားကစားသမားကောင်းများစွာ ပေါ်ထွက်လာစေရန် ပြုစုပျိုးထောင် လေ့ကျင့်သင်ကြားပေးသွားရန် တာဝန်ရှိသူများကို မှာကြားခဲ့သည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးသည် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အတူ မင်းဘူးမြို့မှ မကွေးမြို့သို့ ပြန်လည်ထွက်ခွာခဲ့ပြီး မကွေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်အားကစားကွင်း/အားကစားရုံတို့အားလည်းကောင်း၊ တိုင်းဒေသကြီးအားကစားကွင်းတို့အားလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး အားကစားကွင်း/အားကစားရုံ ရေရှည်တည်တံ့စေရေး၊ အားကစားကွင်းပတ်လည် သန့်ရှင်းသာယာလှပစေရေး၊ ဘောလုံးကွင်းမြက်ခင်းများ စိမ်းလန်းစိုပြေစေရေးနှင့် ဂိုးတိုင်/ဂိုးပိုက်များအား ဆေး၊ ထုံးဖြူများသုတ်လိမ်းပြီး စနစ်တကျ တပ်ဆင်ထားရှိရေးအတွက် တာဝန်ပေးဆောင်ရွက်သွားရန် တာဝန်ရှိသူများကိုမှာကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မကွေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနရုံး၌ အရာထမ်း/အမှုထမ်းများအားရင်းရင်းနှီးနှီးတွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် Smart School နှင့် Football For School အစီအစဉ်များကို ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် Pilot Project တစ်ခုအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ အတွင်း စီမံချက်အား ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် မကွေးတိုင်းဒေသကြီးမှ တာဝန်ရှိသူများအနေဖြင့် မြန်မာ့အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ဝူရှူးအားကစားနည်းအပြင် အခြားအားကစားနည်းများကို

စာမျက်နှာ ၅ သို့ ►

စာမျက်နှာ ၃ မှ အဆက် ►

အားကစားနည်းကို အရှေ့တောင်အာရှမှ အာရှ၊ အာရှမှ ကမ္ဘာ့အဆင့်ထိ ထိုးဖောက်နိုင်ရေးအတွက် ဆက်လက်ကြိုးစားအကောင်အထည်ဖော် ဆောင်ရွက်ပေးသွားရန်နှင့် မိမိတို့ ဝန်ကြီးဌာနအနေဖြင့်လည်း လိုအပ်သည်များကို ပူးပေါင်းကူညီ၍ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ နည်းပြများအနေဖြင့် မိမိအားကစားသမားများကို ပြောင်းလဲလာသည့် ခေတ်စနစ်နှင့်အညီ နည်းစနစ်များကိုသာမက ခန္ဓာကိုယ်ကျန်းမာကြံ့ခိုင်စေရန် ဘက်ပေါင်းစုံမှ လေ့ကျင့်သင်ကြားပေးမှသာ ပြိုင်ပွဲတွင် အောင်မြင်မှုများ ရရှိနိုင်မည်ဖြစ်ကြောင်း၊ ယခုသင်တန်းတွင် သင်ကြားပို့ချပေးမည့် ဘာသာရပ်များကို စာတွေ့/လက်တွေ့ အလေးအနက်ထားပြီး လေ့လာသင်ယူမှတ်သားသွားရန်နှင့် မိမိနေရပ်သို့ ပြန်လည်ရောက်ရှိသည့်အခါ သင်ကြားပို့ချပေးခဲ့မှုများကို ပြန်လည်အသုံးချ၍ မျိုးဆက်သစ်အားကစားသမားများ မွေးထုတ်ပေးနိုင်စေရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အစွမ်းကုန်ကြိုးစား ဆောင်ရွက်ပေးသွားရန် တိုက်တွန်းမှာကြားလိုကြောင်းပြောကြားခဲ့ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူး၍ အခမ်းအနားအားရုပ်သိမ်းခဲ့သည်။

အဆိုပါ ခြင်းလုံးဒိုင်လူကြီးနှင့် နည်းပြသင်တန်း (၁/၂၀၂၆)ကို ၂၀၂၆ ခုနှစ် မေလ ၁၈ ရက်နေ့မှ ၂၅ ရက်နေ့အထိ နည်းပြ ၈ ဦးတို့က သင်တန်းသား/သင်တန်းသူ ၃၀ ဦးတို့အား နေပြည်တော်၊ အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)ရှိ ဘက်စုံသုံးခန်းမ၌ သင်တန်းကာလ ၈ ရက်ကြာ ဖွင့်လှစ်သင်ကြားပို့ချ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

# အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်အတွင်းရှိ ရက်(၁၀၀)စီမံချက်အဖြစ် Smart School နှင့် Football For School ဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေမှုများ၊ ခရိုင်အားကစားကွင်းအတွင်း Synthetic ပြေးလမ်းခင်းကျင်းပြီးစီးမှု အခြေအနေနှင့် အားကစားကွင်း/အားကစားရုံတို့အား လိုက်လံကြည့်ရှုစစ်ဆေး





နေပြည်တော်၊ မေ ၂၀

အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းသည် အမြဲတမ်းအတွင်းဝန် ဦးမျိုးကျော်သူ၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦးနှင့်အတူ တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်အတွင်းရှိ ရက်(၁၀၀)စီမံချက်အဖြစ် Smart School နှင့် Football For School ဆိုင်ရာ လုပ်ငန်းများကို Pilot Project တစ်ခုအဖြစ် ဆောင်ရွက်နေမှုများ၊ ခရိုင်အားကစားကွင်းအတွင်း Synthetic ပြေးလမ်းခင်းကျင်း ပြီးစီးမှုအခြေအနေနှင့် အားကစားကွင်း/အားကစားရုံတို့အား လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်တို့နှင့်အတူ တာဝန်ရှိသူများ လိုက်ပါလျက် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် အားကစားကွင်းသို့ သွားရောက်၍ ရက် (၁၀၀) စီမံချက်အဖြစ် အားကစားကွင်းအတွင်း ဘောလုံးနည်းပြ ၇ ဦးတို့က သင်တန်းသား/သင်တန်းသူ ၆၂ ဦးတို့ကို ဘောလုံးနည်းစနစ်ပိုင်းဆိုင်ရာ လေ့ကျင့်သင်ကြားပေးနေမှုအား လည်းကောင်း၊ အားကစားရုံတွင် ကြက်တောင်နည်းပြ ၄ ဦးတို့က သင်တန်းသား/သင်တန်းသူ ၄၀ ဦးတို့ကို နည်းစနစ်ပိုင်းဆိုင်ရာ သင်ကြားလေ့ကျင့် ပေးနေမှုအားလည်းကောင်း၊ တင်းနစ်အားကစားကွင်းတွင် တင်းနစ်နည်းပြ ၂ ဦးတို့က သင်တန်းသား/သင်တန်းသူ ၁၇ ဦးတို့ကို နည်းစနစ်ပိုင်းဆိုင်ရာ သင်ကြားလေ့ကျင့်ပေးနေမှုအားလည်းကောင်း Smart School နှင့် Football For School ဆိုင်ရာ လုပ်ငန်းများကို Pilot Project တစ်ခုအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး (ဘောလုံး၊ ကြက်တောင်နှင့် တင်းနစ်) အားကစားအဖွဲ့များအတွက် အင်အားဖြည့်အချိုရည်များအား ထောက်ပံ့ပေးအပ်ခဲ့ပြီးနောက် မျိုးဆက်သစ်အားကစားသမားများစွာ ပေါ်ထွက်လာစေရေးနှင့် အမျိုးသား အားကစားနည်းဖြစ်သည့် ဘောလုံးအားကစားနည်းတိုးတက်ဖွံ့ဖြိုးစေရေး၊ လူငယ်အားကစားသမားများ မွေးထုတ်ပေးနိုင်စေရေးနှင့် အခြေခံပညာကျောင်းများတွင် အားကစားသင်တန်းများကို ဖွင့်လှစ်သင်ကြားလေ့ကျင့်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်သွားရန် တာဝန်ရှိသူများကိုမှာကြားခဲ့သည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ မိတ္ထီလာမြို့နယ် အားကစားကွင်းမှ မိတ္ထီလာခရိုင်အားကစားကွင်းသို့ ထွက်ခွာခဲ့ပြီး အားကစားကွင်းအတွင်း ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်းဘတ်ဂျက်ဖြင့် ဆောင်ရွက်ခဲ့သည့် Synthetic ပြေးလမ်းခင်းကျင်းပြီးစီးမှု အခြေအနေအား လိုက်လံကြည့်ရှုစစ်ဆေး၍ ပြေးလမ်းအား ရေရှည်အသုံးပြုနိုင်စေရန်နှင့် လူငယ်မျိုးဆက်သစ်အားကစားသမားများ အရည်အသွေးကောင်းမွန်သည့် အားကစားကွင်းတွင် အဆင့်အတန်းမြင့်မားစွာ လေ့ကျင့်မှုပြုလုပ်နိုင်စေရန်အတွက် ထိန်းသိမ်းဆောင်ရွက်သွားရန် တာဝန်ရှိသူများကို လိုအပ်သည်များမှာကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ခရိုင်အားကစားကွင်းအတွင်းရှိ ဘောလုံးကွင်းနှင့် မိုးလုံလေလုံအားကစားရုံတို့အား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး ခရိုင် အားကစားနှင့်ကာယပညာ

စာမျက်နှာ ၆ သို့ ►

စာမျက်နှာ ၄ မှ အဆက် ►



လေ့ကျင့်သင်ကြားပေးပြီး မျိုးဆက်သစ် အားကစားသမားများစွာ မွေးထုတ်ပေးနိုင်စေရန်နှင့် တိုင်းဒေသကြီး အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရေးအတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်သွားရန်နှင့် ဝန်ထမ်းအချင်းချင်း မိသားစုစိတ်ဓာတ်ထားရှိပြီး တစ်ဦးနှင့်တစ်ဦးဖေးမကူညီ၍ ဝန်ကြီးဌာန၏ ရည်မှန်းချက်များနှင့် လုပ်ငန်းများအောင်မြင်အောင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစားဆောင်ရွက်သွားရန် တိုက်တွန်းမှာကြားခဲ့ပြီးနောက် ဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ တင်ပြချက်များနှင့်အခက်အခဲများကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး ဝန်ထမ်းများအား ထောက်ပံ့ပစ္စည်းများ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

# အားကစားရေးရာဝန်ကြီးဌာန၏ ရက် ၁၀၀ အတွင်း စီမံချက်ဖြစ်သည့် Football For School ဆိုင်ရာ လုပ်ငန်းများကို Pilot Project တစ်ခုအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ





နေပြည်တော်၊ မေ ၂၂

အားကစားရေးရာဝန်ကြီးဌာန၏ ရက် ၁၀၀ အတွင်း စီမံချက်ဖြစ်သည့် Football For School ဆိုင်ရာလုပ်ငန်းများကို Pilot Project တစ်ခုအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်၊ ရုံးအမှတ်(၃၁)ရှိ အားကစားရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပခဲ့ရာ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း၊ ဒုတိယဝန်ကြီး ဦးညီညီ၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးကျော်သူ၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနခွဲများမှတာဝန်ခံ ညွှန်ကြားရေးမှူးများ တက်ရောက်ခဲ့သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းပါလမ်းညွှန်ချက်အရ အားကစားကဏ္ဍမြင့်မားစေရန် ရည်ရွယ်၍ မိမိတို့ဝန်ကြီးဌာနမှ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်ချက်များအဖြစ် ရက် ၁၀၀ အတွင်း စီမံချက်ရေးဆွဲပြီး Smart School နှင့် Football For School ဆိုင်ရာလုပ်ငန်းများကို Pilot Project တစ်ခုအဖြစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ၅ ခု တို့တွင် အကောင်အထည်ဖော်ဆောင်ရွက်နေမှု များနှင့်စပ်လျဉ်း၍ ဌာနခွဲများမှ လက်ရှိဆောင်ရွက်နေမှု အခြေအနေများကို တင်ပြပေးသွားရန်နှင့် ဝန်ထမ်းများအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် တစ်ဦးကောင်း တစ်ယောက်ကောင်း ဆောင်ရွက်ခြင်းမပြုဘဲ အစုအဖွဲ့ဖြင့်ဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံတော်သမ္မတ၏လမ်းညွှန်ချက်အရ ရက် ၁၀၀ အတွင်း ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးရှိ မိတ္ထီလာမြို့နယ်များသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်များနှင့် အတူသွားရောက်၍ ကွင်းဆင်းစစ်ဆေးခြင်းများကို ဆောင်ရွက်ခဲ့ရာ တိုင်း/ ခရိုင်/ မြို့နယ်များမှ တာဝန်ရှိသူများ၏ မြန်မာ့အားကစား အဆင့်အတန်း တိုးတက်မြင့်မားစေရေးနှင့် တိုင်းဒေသကြီးများမှ မျိုးဆက်သစ် အားကစားသမားများ ရရှိစေရေးအတွက်အားထည့်၍ လုပ်ရှားဆောင်ရွက်နေမှုများကို တွေ့ရှိခဲ့ရပါကြောင်း၊ အားကစားကဏ္ဍပိုမိုတိုးတက်မြင့်မားလာစေရန် ရေတို၊ ရေရှည်စီမံချက်များ ရေးဆွဲ၍ တင်ပြဆောင်ရွက်သွားရန်လိုကြောင်း၊ ဝန်ထမ်းများ၏ သက်သာချောင်ချိစေရေးအတွက် ထောက်ပံ့ဆောင်ရွက်ပေးနိုင်ပါက ဝန်ထမ်းများအနေဖြင့် ဝန်ကြီးဌာန၏ ရည်မှန်းချက်များနှင့် လုပ်ငန်းတာဝန်များကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနအား Smart ဖြစ်သည့် ဝန်ကြီးဌာန တစ်ခုအဖြစ်ရပ်တည်နိုင်ပြီး နိုင်ငံတော်အကြီးအကဲ၏ လိုလားချက်၊ လမ်းညွှန်ချက်များကို အားလုံးအတူတကွ ညီညီညွတ်ညွတ် လက်တွဲ၍ တိကျမြန်ဆန်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားစေလိုကြောင်း ပြောကြားခဲ့သည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီးက အမှာစကားပြောကြားရာတွင် အကြီးအကဲများ၏ မူဝါဒများနှင့် လမ်းညွှန်ချက်များကို လိုက်နာမှတ်သားပြီး ပေါင်းစပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရက် ၁၀၀ အတွင်း စီမံချက်နှင့်ပတ်သက်ပြီး ဆောင်ရွက်သွားမည့်လုပ်ငန်းများဖြစ်သည့် ပြည်တွင်း/ပြည်ပအားကစားပြိုင်ပွဲများနှင့် ဆုတံဆိပ်ရရှိခဲ့မှု အခြေအနေများ၊ အခြေခံ အားကစားသင်တန်းများနှင့် အားကစားနည်းအလိုက် နည်းပြ/ဒိုင်လူကြီး မွမ်းမံသင်တန်းများကို ဖွင့်လှစ်ပေးနိုင်ခဲ့မှု အခြေအနေများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်



စာမျက်နှာ ၇ သို့ ►

စာမျက်နှာ ၅ မှ အဆက် ►

ဦးစီးဌာနရုံး၌ အရာထမ်း၊ အမှုထမ်းများအားတွေ့ဆုံ၍ ဝန်ထမ်းများအနေဖြင့် မိမိတာဝန်ကျသည့် တိုင်းဒေသကြီးအားကစားအဆင့်အတန်းတိုးတက်မြင့်မားစေရန် အားကစားကွင်း/အားကစားရုံများတွင် အားကစားလှုပ်ရှားလေ့ကျင့်မှုများ နေ့စဉ်မပြတ် ဆောင်ရွက်နိုင်စေရေးအတွက် လူငယ်များအား စည်းရုံးလှုံ့ဆော်ခြင်းများနှင့် အားကစားပစ္စည်း ထောက်ပံ့ပေးခြင်းများကို စီမံဆောင်ရွက်ပေးသွားရန်နှင့် အားကစားကွင်း/အားကစားရုံ ရေရှည်တည်တံ့စေရေး၊ ဘောလုံးကွင်းအတွင်း မြက်ခင်းများစိမ်းလန်းစိုပြည်စေရေး၊ ရေစီးရေလာကောင်းမွန်စေရေးနှင့် အားကစားကွင်းပတ်လည် သန့်ရှင်းသာယာလှပစေရေးတို့အတွက် ပုံမှန်ဆောင်ရွက်သွားရန် တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားခဲ့ပြီးနောက် ဝန်ထမ်းများအား ထောက်ပံ့ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

## Nay Pyi Taw Amateur & Junior Open Championship (Road to Myanmar Junior National Team) ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ





နေပြည်တော်၊ မေ ၂၉

ပြည်သူများအတွက် ပြည်သူ့အစိုးရ၏ ရက် ၁၀၀ စီမံချက် အစီအစဉ်အရ အားကစားရေးရာဝန်ကြီးဌာန၏ ဦးဆောင်လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံဂေါက်သီး အားကစားအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသည့် Nay Pyi Taw Amateur & Junior Open Championship ဂေါက်သီးရိုက် ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်၊ မြို့တော်ဂေါက်ကွင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားကို အားကစားရေးရာဝန်ကြီးဌာန ပြည်တောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း၊ ဒုတိယဝန်ကြီး ဦးညီညီ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ မြို့တော်ဝန် ဦးဝင်းမိုးခိုင်၊ အားကစားရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးကျော်သူ၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦး၊ မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေး၊ တွဲဖက်အထွေထွေအတွင်းရေးမှူးနှင့် မျိုးဆက်သစ်လူငယ်အားကစားသမားများ၊ ဆပ်ကော်မတီဥက္ကဋ္ဌ ဦးအောင်ကိုဇော်၊ မြန်မာနိုင်ငံ ဂေါက်သီးအားကစား အဖွဲ့ချုပ်အမှုဆောင်၊ မျိုးဆက်သစ်လူငယ်အားကစားသမားများ၊ ဆပ်ကော်မတီ အတွင်းရေးမှူး ဦးတင်မောင်မောင်ဝင်းတို့က အသီးသီးအလှည့်ကျ ဂေါက်သီးရိုက်၍ ဖွင့်လှစ်ပေးခဲ့ကြပြီးနောက် ပြည်ထောင်စုဝန်ကြီးနှင့်အတူ တာဝန်ရှိသူများက ပြိုင်ပွဲဝင် အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ပြီး ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့ ၁၈ ကျင်းကို စတင်ယှဉ်ပြိုင်ခဲ့သည်။

ယခုပြိုင်ပွဲအား မျိုးဆက်သစ် ဂေါက်သီးအားကစားသမားများ၏ လက်ရည်အဆင့်အတန်း တိုးတက်လာစေရန်၊ နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် အဆင့်မီစွာပါဝင်ယှဉ်ပြိုင်နိုင်စေရန်နှင့် ထူးချွန်ထက်မြက်သည့် အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ကျင်းပပေးခြင်းဖြစ်ပြီး ယနေ့ပြိုင်ပွဲသို့ ဝါသနာရှင်အဆင့် အားကစားသမား ၈၀ ဦး၊ Junior အဆင့် ကစားသမား ၅၀ ဦး၊ စုစုပေါင်း ၁၃၀ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

အဆိုပါ ဂေါက်သီးရိုက် ပြိုင်ပွဲကို ၂၀၂၆ ခုနှစ် မေလ ၂၉ ရက်နေ့မှ ၃၁ ရက်နေ့အထိ ၃ ရက်ကြာဆက်တိုက် နေပြည်တော်ရှိ မြို့တော်ဂေါက်ကွင်း၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

စာမျက်နှာ ၆ မှ အဆက် ►

ရက် ၁၀၀ အတွင်း အသိပညာပေးသင်တန်း၊ အားကစားပြိုင်ပွဲများနှင့် မျိုးဆက်သစ်အားကစားသမားများ မွေးထုတ်ပေးနိုင်ရန် ဆောင်ရွက်နေမှုအခြေအနေများကို တာဝန်ရှိသူများက အသေးစိတ်ပြည့်စုံစွာ တင်ပြပေးသွားရန်လိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနခွဲများမှ တာဝန်ခံညွှန်ကြားရေးမှူးများက မိမိတို့ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်းပြီး အသီးသီးတင်ပြဆွေးနွေးခဲ့ကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြောကြားခဲ့ပြီး နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့် မြန်မာ့အားကစားကဏ္ဍ ပိုမိုတိုးတက်မြင့်မားစေရေးအတွက် မိသားစုသဖွယ်အချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် မိမိတို့ကျရာ အခန်းကဏ္ဍမှ တာဝန် ကျေပွန်အောင် ထမ်းဆောင်ပေးသွားရန်နှင့် ဝန်ထမ်းများ၏ တင်ပြချက်များနှင့် အခက်အခဲများကို ဆင့်ကဲဆင့်ကဲ တာဝန်ယူဖြေရှင်းပေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး အစည်းအဝေးအားရုပ်သိမ်းခဲ့ကြောင်း သိရသည်။

## အားကစားရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန နွေရာသီအခြေခံရေကူးသင်တန်းအမှတ်စဉ်(၂/၂၀၂၆) သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ



နေပြည်တော်၊ မေ ၂၉

ပြည်သူများအတွက် ပြည်သူ့အစိုးရ၏ ရက် ၁၀၀ စီမံချက် အစီအစဉ်အရ ပြည်သူ့ရေကူး အားကစားအဆင့်အတန်း ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် မျိုးဆက်သစ်ရေကူး အားကစားသမားများစွာ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ အားကစားရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် နွေရာသီအခြေခံရေကူးသင်တန်း အမှတ်စဉ် (၂/၂၀၂၆) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ

စာမျက်နှာ ၈ သို့ ►

စာမျက်နှာ ၇ မှ အဆက် ►





ဝဏ္ဏသိဒ္ဓိရေကူးကန်၌ကျင်းပခဲ့ရာ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း၊ ဒုတိယဝန်ကြီး ဦးညီညီ၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးကျော်သူ၊ အားကစားနှင့်ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦး၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ သင်တန်းသား/သင်တန်းသူများနှင့် မိဘအုပ်ထိန်းသူများ တက်ရောက်ခဲ့သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက သင်တန်းဆင်းအမှာစကား ပြောကြားရာတွင် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရေးနှင့် ရေကူး မျိုးဆက်သစ်အားကစားသမားများစွာ မွေးထုတ်ပေးနိုင်စေရေးတို့အတွက် မိမိတို့ဝန်ကြီးဌာန အနေဖြင့် နွေရာသီရေကူး သင်တန်း အမှတ်စဉ်(၁/၂၀၂၆)ကို မတ်လ ၃ ရက်နေ့မှ ၂၆ ရက်နေ့ အထိ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိရေကူးကန်၌ သင်တန်းသား/သင်တန်းသူ ၁၁၀ ဦး၊ ရန်ကုန်မြို့ရှိ ဦးဝိစာရရေကူးကန်နှင့် ဒဂုံ (မြောက်)ရေကူးကန်တို့တွင် သင်တန်းသား/သင်တန်းသူ ၁၄၀ ကျော်တို့ဖြင့် အသီးသီး ဖွင့်လှစ်သင်ကြားပေးခဲ့ပြီးဖြစ်ပါကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ အားကစားကဏ္ဍ မြင့်မားလာစေရေးနှင့် ပတ်သက်၍ လူငယ်လူရွယ်များ ကိုယ်လက်ကြံ့ခိုင်မှုများ တိုးတက် လာစေရေးအတွက် အလေးထားဆောင်ရွက်သွားရန် လမ်းညွှန် မှာကြားချက်များနှင့်အညီ မြန်မာ့ရေကူးအားကစားအဆင့်အတန်း ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးနှင့်ရေကူး မျိုးဆက်သစ် အားကစား သမားများ စဉ်ဆက်မပြတ် ပေါ်ထွက်လာစေရေးအတွက် ပြည်သူ့ အစိုးရ၏ ပထမ ရက် ၁၀၀ ကာလအတွင်း ယခုနွေရာသီ အခြေခံ ရေကူးသင်တန်း အမှတ်စဉ်(၂/၂၀၂၆)ကို ထပ်မံဖွင့်လှစ်သင်ကြား ပေး၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ အလားတူ နွေရာသီအခြေခံ ရေကူးသင်တန်း အမှတ်စဉ် (၃/၂၀၂၆) ကို ဧပြီလ ၁ ရက်နေ့မှ ၂၆ ရက်နေ့အထိ ဝဏ္ဏသိဒ္ဓိရေကူးကန်တွင် ထပ်မံဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ အားကစားရေးရာ ဝန်ကြီးဌာနအနေဖြင့် အားကစားနည်းအလိုက် နွေရာသီအခြေခံ အားကစားသင်တန်းများကို မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးတွင်ရှိသည့် အားကစားနှင့် ကာယပညာကော်မတီများနှင့် ပူးပေါင်းပြီး တစ်နိုင်ငံလုံးအတိုင်းအတာ ဖြင့် ဖွင့်လှစ်ပေးခဲ့ခြင်းသည် အနာဂတ်မျိုးဆက်သစ်လူငယ်များ၏ ကျန်းမာကြံ့ခိုင်မှု မြင့်မားလာစေပြီး ပြည်သူတစ်ရပ်လုံး အားကစား ကို ပိုမိုစိတ်ပါဝင်စားလာစေရေး၊ နွေရာသီကျောင်းပိတ်ရက်များ တွင် အားကစားနည်းအခြေခံများကို လေ့လာလိုက်စားစေခြင်းဖြင့် အချိန်ကို အကျိုးရှိစွာအသုံးချတတ်စေရေး၊ ကျန်းမာကြံ့ခိုင်ပြီး အရည်အသွေးမြင့်မားသည့် အားကစားမောင်မယ်များပေါ်ထွက် လာစေရေးတို့အတွက် ရည်ရွယ်ပြီး ဖွင့်လှစ်သင်ကြားပို့ချပေးခဲ့ ခြင်းဖြစ်ကြောင်း၊ ရေကူးအားကစားနည်း၏ ဆောင်ပုဒ်ဖြစ်သော "အရေးကြုံက သက်လုံလည်းကောင်း အညောင်းလည်းပြေ ကိုယ်နေလည်းလှ ရေကူးကြ" ဆိုသည့်အတိုင်း အိုလံပစ်အာကစား နည်း တစ်ခုဖြစ်သည့် ရေကူးအားကစားနည်းမှ ထူးချွန်ထက်မြက် သည့် နိုင်ငံ့ဂုဏ်ဆောင် မျိုးဆက်သစ် ရေကူးအားကစားသမားများ ပေါ်ထွက်လာစေရေးနှင့် အရှိန်အဟုန်မပြတ် ဆက်လက်လေ့ကျင့် နိုင်စေရေးတို့အတွက် ဝဏ္ဏသိဒ္ဓိရေကူးအသင်းကိုလည်း ပြန်လည် ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်မှ လူအား၊ ငွေအား၊ ပစ္စည်းအားများနှင့် ရင်းနှီးမြှုပ်နှံ၍ ကျွမ်းကျင်နည်းပြများဖြင့် စနစ်တကျ သင်ကြားလေ့ကျင့်ပေးလျက်ရှိသလို မိဘများ၏ အားပေးကူညီထောက်ပံ့မှုများ၊ အားကစားသမားများ၏ ကြိုးစား အားထုတ်မှုများဖြင့် ပေါင်းစပ်ဆောင်ရွက်သွားမှသာ မြန်မာ့ရေကူး အားကစားအဆင့်အတန်း ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ကြောင်း၊ ယခုသင်တန်းသို့ တက်ရောက်လာကြသည့် သင်တန်းသား/သင်တန်းသူ များအနေဖြင့် နည်းစနစ်နှင့်ကျွမ်းကျင်မှုများကို အခြေခံပြီး ယခု သင်တန်းမှတစ်ဆင့် အဆင့်မြင့်အားကစား ပညာရပ်များကို ဆက်လက်လေ့လာလိုက်စားပြီး နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့လက်ရွေးစင် ရေကူးအားကစားသမားများဖြစ်အောင် ဆက်လက်ကြိုးစား အားထုတ် သွားကြရန် တိုက်တွန်းမှာကြားခဲ့သည်။

ဆက်လက်ပြီး အသက် (၁၆) နှစ်အထက် အမျိုးသား/အမျိုးသမီး နွေရာသီအခြေခံရေကူး သင်တန်းပြိုင်ပွဲမှဆုရရှိခဲ့သည့် သင်တန်း သား/သင်တန်းသူများအား တစ်ဦးချင်းဆုတံဆိပ်များ၊ ဂုဏ်ပြုဆုကြေး ငွေများနှင့် သင်တန်းဆင်းလက်မှတ်များကို ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းကလည်းကောင်း၊ အသက်(၁၂)နှစ်အထက် အမျိုးသား/ အမျိုးသမီး နွေရာသီအခြေခံရေကူးသင်တန်းပြိုင်ပွဲမှ ဆုရရှိခဲ့သည့် သင်တန်းသား/သင်တန်းသူများအား တစ်ဦးချင်း ဆုတံဆိပ်များ၊ ဂုဏ်ပြုဆုကြေးငွေများနှင့် သင်တန်းနည်းပြဆရာ/ဆရာမများအား ဂုဏ်ပြုချီးမြှင့်ငွေများကို ဒုတိယဝန်ကြီး ဦးညီညီကလည်းကောင်း၊ အသက် (၁၂)နှစ်အောက် အမျိုးသား/အမျိုးသမီး နွေရာသီအခြေခံ ရေကူးသင်တန်းပြိုင်ပွဲမှ ဆုရရှိခဲ့သည့် သင်တန်းသား/သင်တန်းသူ များအား တစ်ဦးချင်းဆုတံဆိပ်များ၊ ဂုဏ်ပြုဆုကြေးငွေများကို အမြဲတမ်းအတွင်းဝန် ဦးမျိုးကျော်သူကလည်းကောင်း၊ ပြိုင်ပွဲများ အသီးသီးတွင် ပထမဆုရရှိခဲ့ကြသည့် သင်တန်းသား/သင်တန်းသူ များအား ဝဏ္ဏသိဒ္ဓိရေကူးကန်တွင် အခမဲ့ရေကူးခွင့် Member Card များကို အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦးကလည်းကောင်း အသီးသီးဆုများပေးအပ်ချီးမြှင့်၍ အခမ်းအနားအား ရုပ်သိမ်းခဲ့ပြီးနောက် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ သင်တန်းသား/သင်တန်းသူများ၏ ရေကူး သရုပ်ပြနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**အားကစားမြှင့်တင်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်း ဖြစ်ပါသည်**

# ၂၀၂၆ ခုနှစ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ကြက်တောင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ








ရန်ကုန်၊ မေ ၁၅

အားကစားရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်တို့က ကြီးမှူးကျင်းပသည့် "၂၀၂၆ ခုနှစ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ကြက်တောင်ပြိုင်ပွဲ" ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့(၁၅:၀၀)နာရီအချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်ရှိ အမျိုးသား ကြက်တောင်အားကစားခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီနာယက၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများ၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ် ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဆုရအားကစားသမားများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ ဗိုလ်လုပွဲများဖြစ်သော အမျိုးသမီးနှစ်ယောက်တွဲ တံခွန်စိုက်ပြိုင်ပွဲနှင့် အမျိုးသားနှစ်ယောက်တွဲ တံခွန်စိုက်ပြိုင်ပွဲ တို့ကိုကြည့်ရှုအားပေးပြီးနောက် (၃၄) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်အားကစားသမားများ အသုံးပြုရန်အတွက် မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဦးမောင်မောင်ဆွေက ငွေကျပ် ၂၇ သိန်းတန်ဖိုးရှိ ရှမ်းရိုးမဒဏ်ကြေလိမ်းဆေးဗူး ၁၂၀၀ အားပေးအပ်လှူဒါန်းရာ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူတို့က လက်ခံရယူခဲ့ပါသည်။

ဆက်လက်၍ ဆုပေးပွဲအခမ်းအနားကိုကျင်းပရာ အမျိုးသမီးတစ်ဦးချင်းတံခွန်စိုက်ပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် ပူးတွဲတတိယဆုရရှိသူတို့အား မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဦးမောင်မောင်ဆွေက လည်းကောင်း၊ အမျိုးသားတစ်ဦးချင်း တံခွန်စိုက်ပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် ပူးတွဲတတိယဆုရရှိသူတို့အား အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးကလည်းကောင်း၊ အမျိုးသမီးနှစ်ယောက်တွဲ တံခွန်စိုက်ပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် ပူးတွဲတတိယဆုရရှိသူတို့အား မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်ပိုင်က လည်းကောင်း၊ အမျိုးသားနှစ်ယောက်တွဲ တံခွန်စိုက်ပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် ပူးတွဲတတိယဆုရရှိသူတို့အား ရန်ကုန်တိုင်း ဒေသကြီးအစိုးရအဖွဲ့ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးစိုးဦးကလည်းကောင်း၊ အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရရှိသော မန္တလေးတိုင်းဒေသကြီးအသင်း၊ တတိယဆုရရှိသော ပဲခူးတိုင်းဒေသကြီးအသင်းနှင့် ပူးတွဲတတိယဆုရရှိသော ရှမ်းပြည်နယ်အသင်းတို့အား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါက်တာမျိုးသော်က လည်းကောင်း၊ အမျိုးသားအသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသော ရှမ်းပြည်နယ်အသင်း၊ ဒုတိယဆုရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်း၊ တတိယဆုရရှိသော ကရင်ပြည်နယ်အသင်းနှင့် ပူးတွဲ တတိယဆုရရှိသော ပဲခူးတိုင်းဒေသကြီးအသင်းတို့အား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ပြန်ကြားရေး၊ ကယ်ဆယ်ရေးနှင့် သာသနာရေးဝန်ကြီး ဦးနေလင်းထွန်းကလည်းကောင်း တစ်ဦးချင်း ဆုတံဆိပ်များနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို အသီးသီးပေးအပ် ချီးမြှင့်ခဲ့သည်။

ယင်းနောက် အကောင်းဆုံးအမျိုးသမီး အားကစားသမားဆုရရှိသော သွန်းနဒီဖြိုး(ရန်ကုန်တိုင်းဒေသကြီး)နှင့် အကောင်းဆုံးအမျိုးသားအားကစားသမားဆုရရှိသော စိုင်းမင်းခန့် (ရှမ်းပြည်နယ်) တို့အား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်း၊ စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာမေသန်းနွယ်က Trophy နှင့် ဂုဏ်ပြုချီးမြှင့်ငွေများအား ပေးအပ်ခဲ့ပါသည်။

ဆက်လက်၍ အမျိုးသမီးအသင်းလိုက် တံခွန်စိုက်ဆု ရရှိသွားသော ရန်ကုန်တိုင်းဒေသကြီးအသင်းအား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးဗိုလ်ငွေးကလည်းကောင်း၊ အမျိုးသားအသင်းလိုက်တံခွန်စိုက်ဆု ရရှိသွားသော ရန်ကုန်တိုင်းဒေသကြီးအသင်းအား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင့်တို့ကလည်းကောင်း တံခွန်စိုက်ဆုများကို အသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် ရွှေတံဆိပ် ၃ ခု၊ ငွေတံဆိပ် ၁ ခု၊ ကြေးတံဆိပ် ၃ ခုဖြင့် စုပေါင်းတံခွန်စိုက်ဆု ရရှိသွားသော ရန်ကုန်တိုင်းဒေသကြီး အသင်းအား ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာ ကော်မတီနာယက၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးအောင်နိုင်သူက စုပေါင်းတံခွန်စိုက်ဆုကို ပေးအပ်ချီးမြှင့်ခဲ့ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခဲ့ကြောင်းသိရသည်။

## အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီ အကြိမ်(၂၀) မြောက် အရှေ့တောင်အာရှ ကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်အားကစားသမားများ စခန်းဝင်လေ့ကျင့်နေမှုအား ကြည့်ရှုစစ်ဆေး






ရန်ကုန် ၊ မေ ၂

အားကစားရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးညီညီသည် အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးဝင်းအတွင်းရှိ မြန်မာနိုင်ငံ ကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်သို့ရောက်ရှိရာ မြန်မာနိုင်ငံ ကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူတို့က ကြိုဆိုကြ၍ မေလ ၁၄ ရက်နေ့မှ ၁၈ ရက်နေ့အထိ မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပပြုလုပ်မည့် အကြိမ် (၂၀) မြောက် အရှေ့တောင်အာရှ ကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် လေ့ကျင့်နေကြသော မြန်မာ့လက်ရွေးစင်အားကစားသမားများ၏ အားကစားနည်းအမျိုးအစား ၂၂ မျိုးတို့မှ ကိုယ်ဟန်အနေအထား၊ သရုပ်ပြသမှုအနေအထားနှင့် ဝိတ်အလေးချိန်တို့အား ကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ ဒုတိယဝန်ကြီးသည် အကြိမ် (၂၀) မြောက် အရှေ့တောင်အာရှ ကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် အားကစားသမားများ၏ လေ့ကျင့်မှုလိုအပ်ချက်များ၊ ဝိတ်တန်းချိန်ညှိခြင်း ဆောင်ရွက်ရန်ကိစ္စရပ်များ၊ နေထိုင်စားသောက်မှုဆိုင်ရာကိစ္စရပ်များ၊ လေ့ကျင့်မှုနည်းစနစ်တို့ကို နည်းပြများနှင့် အားကစားသမားများအား မှာကြားခဲ့ပြီး နိုင်ငံတော်သမ္မတကြီး၏ လက်ထက်တွင် မြန်မာနိုင်ငံ၌ ပထမဦးဆုံးအကြိမ် လက်ခံကျင်းပပြုလုပ်သည့် နိုင်ငံတကာအားကစား ပြိုင်ပွဲကြီးဖြစ်သည့်အတွက် ပြိုင်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးနှင့် ပြိုင်ပွဲ၌ နိုင်ငံတော်အတွက် ရွှေတံဆိပ်ဆုများဆွတ်ခူးရယူပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်အောင် ယခင်ကထက် ပိုမိုကြိုးစားဆောင်ရွက်သွားကြရန်၊ နိုင်ငံတော်ကအားထားရသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများဖြစ်အောင် ကြိုးစားကြရန်မှာကြားခဲ့သည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌတို့မှ အကြိမ် (၂၀) မြောက် အရှေ့တောင်အာရှ ကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် လက်ရွေးစင်အားကစားသမားများအား ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးကိစ္စရပ်များ၊ စည်းကမ်းပိုင်းဆိုင်ရာကိစ္စရပ်များ၊ ဆုတံဆိပ်ဆွတ်ခူးရရှိနိုင်ရေးကိစ္စရပ်များ၊ အောင်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ လိုအပ်ချက်များအား မှာကြားပြီးနောက် ဒုတိယဝန်ကြီးမှ အားကစားသမားများ၏ လိုအပ်ချက်များအားဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိုင်ငံတော်အတွက် ရွှေတံဆိပ်ဆုအများဆုံးဆွတ်ခူးလျှက် တံခွန်စိုက်ဆုဖလားရရှိအောင် ကြိုးစားသွားကြရန်မှာကြားခဲ့ကြောင်းသိရသည်။

## အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီ ၂၀၂၆ခုနှစ်၊ လူငယ်နှင့်အားကစားဆိုင်ရာ အရှေ့တောင်အာရှဝန်ကြီးများအဆင့် အစည်းအဝေးသို့ တက်ရောက်ရန်ပြည်ပထွက်ခွာ



ရန်ကုန်၊ မေ ၃

၂၀၂၆ ခုနှစ်၊ မေလ ၃ ရက်မှ ၅ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ၊ ဘာလီမြို့တွင် ကျင်းပပြုလုပ်မည့် ၂၀၂၆ ခုနှစ်၊ လူငယ်နှင့်အားကစားဆိုင်ရာ အရှေ့တောင်အာရှဝန်ကြီးများအဆင့် အစည်းအဝေးသို့ တက်ရောက်ရန် အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီ ဦးဆောင်၍ ဝန်ကြီးရုံး လက်ထောက်အတွင်းဝန် ဦးထွန်းသန့်တို့သည် ယနေ့ နံနက် ၁၀: ၂၅ နာရီအချိန်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာရာ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး၊ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ဦးထွန်းထွန်းဦး၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မင်းသန်းနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**အားကစားမြှင့်တင်**

**စိတ်လန်းရွှင်**

**ဆန့်ကျင်မူးယစ်ဆေး**

# အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီ ၂၀၂၆ခုနှစ်၊ လူငယ်နှင့်အားကစားဆိုင်ရာ အရှေ့တောင်အာရှဝန်ကြီးများအဆင့် အစည်းအဝေးသို့ တက်ရောက်ပြီး ပြန်လည်ရောက်ရှိ၍ ကာယဗလနှင့်ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲကျင်းပမည့် MCC ခန်းမအား ကြည့်ရှုစစ်ဆေး





ရန်ကုန်၊ မေ ၆

၂၀၂၆ ခုနှစ်၊ မေလ ၃ ရက်မှ ၅ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ၊ ဘာလီမြို့တွင် ကျင်းပပြုလုပ်သည့် ၂၀၂၆ ခုနှစ်၊ လူငယ်နှင့်အားကစားဆိုင်ရာ အရှေ့တောင်အာရှ ဝန်ကြီးများအဆင့် အစည်းအဝေးသို့ တက်ရောက်ခဲ့သည့် အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီနှင့် ဝန်ကြီးရုံး လက်ထောက်အတွင်းဝန် ဦးထွန်းသန့်တို့သည် ယနေ့ နံနက် ၀၉း ၂၅ နာရီအချိန်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ပြန်လည်ရောက်ရှိရာ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ဦးထွန်းထွန်းဦး၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မင်းသန်းနှင့် တာဝန်ရှိသူများက ကြိုဆိုခဲ့ကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗေးရှင်းစင်တာ MCC ခန်းမသို့ ရောက်ရှိရာ မေလ ၁၄ ရက်မှ ၁၈ ရက်နေ့အထိ ကျင်းပပြုလုပ်မည့် (၂၀) ကြိမ်မြောက် အရှေ့တောင်အာရှ ကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲ ကျင်းပမည့် ကြိုတင်ပြင်ဆင်ထားသော ပြိုင်ပွဲခန်းမနေရာ၊ DINING ROOM ၊ PRESS ROOM ၊ SECRETARIAL ROOM ၊ WAITING ROOM နှင့် VIP ROOM များ သန့်ရှင်းသပ်ရပ် ကြည့်ကောင်းစေရန်နှင့် နိုင်ငံတကာအဆင့်ရှိအောင် ဆောင်ရွက်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားခဲ့ကြောင်းသိရှိရသည်။

# (၂၀) ကြိမ်မြောက် အရှေ့တောင်အာရှ ကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ







ရန်ကုန်၊ မေ ၁၆

(၂၀) ကြိမ်မြောက် အရှေ့တောင်အာရှ ကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေ (၁၄း၀၀) နာရီအချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ကွန်ဗင်းရှင်းစင်တာတွင်ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီ၊ ကမ္ဘာ့ကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ Datuk Paul Chua ၊ အရှေ့တောင်အာရှ ကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ Mr. Phumvarin Chunhawongvarit ၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများ၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြိုင်ပွဲဝင် (၈) နိုင်ငံမှ အုပ်ချုပ်၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ ပြိုင်ပွဲဝင်နိုင်ငံများမှ အသင်းများက စင်မြင့်ထက်တွင် နေရာယူပြီးနောက် အခမ်းအနားအားဖွင့်လှစ်ပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ နိုင်ငံတော်အလံကို အလေးပြုကြပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးအောင်နိုင်သူက ကြိုဆို နှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။

ဆက်လက်၍ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီ၊ အရှေ့တောင်အာရှ ကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ Mr. Phumvarin Chunhawongvarit နှင့် ကမ္ဘာ့ကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ Datuk Paul Chua တို့က နှုတ်ခွန်းဆက်စကားများ ပြောကြားခဲ့သည်။

ယင်းနောက် ကမ္ဘာ့ကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစား

စာမျက်နှာ ၁၂ သို့ ►

# (၂၀) ကြိမ်မြောက် အရှေ့တောင်အာရှ ကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲတွင် မြန်မာအသင်းအနေဖြင့် ရွှေတံဆိပ်၁၀ ခု၊ ငွေတံဆိပ် ၆ ခု၊ ကြေးတံဆိပ် ၉ ခု၊ စုစုပေါင်း ဆုတံဆိပ် ၂၅ ခု တို့ကို ဆွတ်ခူးရရှိခဲ့ပြီး နိုင်ငံအလိုက် အဆင့် ၁ ရရှိ







ရန်ကုန်၊ မေ ၁၇

(၂၀) ကြိမ်မြောက် အရှေ့တောင်အာရှ ကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက စတင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ကွန်ဗင်းရှင်းစင်တာ MCC ခန်းမ၌ ဆက်လက်ကျင်းပခဲ့ရာ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီ၊ ကမ္ဘာ့ကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ Datuk Paul Chua၊ အရှေ့တောင်အာရှ ကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ Mr. Phumvarin Chunhawongvarit၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးဗိုလ်ငွေး၊ အားကစားနှင့်ကာယ ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် နှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြိုင်ပွဲဝင် (၈) နိုင်ငံမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများတက်ရောက် ကြည့်ရှုအားပေးခဲ့သည်။

ဦးစွာ ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ပြိုင်ပွဲအမျိုးအစား(Event) ၁၂ မျိုးတို့တွင် ပြိုင်ပွဲဝင်နိုင်ငံများမှ အားကစားသမားများဝင်ရောက် ယှဉ်ပြိုင်ခဲ့ရာ Men's Bodybuilding 75kg ပြိုင်ပွဲတွင် ပထမဆုကို မြန်မာအသင်းမှ မောင်မောင်မြင့်၊ ဒုတိယဆုကို ဗီယက်နမ်အသင်းမှ

စာမျက်နှာ ၁၃ သို့ ►

စာမျက်နှာ ၁၁ မှ အဆက် ►

အဖွဲ့ချုပ် ဥက္ကဋ္ဌ Datuk Paul Chua မှ(WBPF) ၏ ဂုဏ်ထူးဆောင် ရွှေတံဆိပ်ဆုများရရှိသော မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယ ဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးဗိုလ်ငွေး၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးမျိုးမြင့်အောင်၊ မြန်မာနိုင်ငံ ကာယဗလနှင့်ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်သန်းတို့အား လည်းကောင်း၊ ထူးချွန်စွာ တာဝန်ထမ်းဆောင်ခဲ့သူများ၊ ဂုဏ်ထူးဆောင်ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်ဆု ရရှိသူများအား ပေးအပ်ချီးမြှင့်ခဲ့ပြီးနောက် ပြိုင်ပွဲဝင်နိုင်ငံများမှအသင်းများက စင်မြင့်ထက်မှ ပြန်လည်ထွက်ခွာပြီး မြန်မာ့ရိုးရာအကများနှင့် တင်ဆက်ကပြ ဖျော်ဖြေ ကြသည်။ ဆက်လက်၍ Men's Juniors Body-building Under 21 years ပြိုင်ပွဲတွင် ပထမ မလေးရှား၊ ဒုတိယ မြန်မာ၊ တတိယ ဗီယက်နမ်၊ Men's Senior Bodybuilding 55kg ပြိုင်ပွဲတွင် ပထမ ဗီယက်နမ်၊ ဒုတိယ မြန်မာ၊ တတိယမြန်မာ၊ Men's Senior Bodybuilding 60kg ပြိုင်ပွဲတွင် ပထမ မြန်မာ၊ ဒုတိယ မြန်မာ၊ တတိယ ဗီယက်နမ်၊ Men's Senior Bodybuilding 65kg ပြိုင်ပွဲတွင် ပထမ မြန်မာ၊ ဒုတိယ ထိုင်း၊ တတိယဗီယက်နမ်၊ Men's Senior Bodybuilding 70kg ပြိုင်ပွဲတွင် ပထမ ဗီယက်နမ်၊ ဒုတိယ မလေးရှား၊ တတိယမြန်မာ၊ Men's Master Bodybuilding Over 45 years ပြိုင်ပွဲတွင် ပထမ မြန်မာ၊ ဒုတိယ ဖိလစ်ပိုင်၊ တတိယ မြန်မာ၊ Men's Sports Physique Up to 170 cm ပြိုင်ပွဲတွင် ပထမ မြန်မာ၊ ဒုတိယ ထိုင်း၊ တတိယ မလေးရှား၊ Men's Sports Physique over 170 cm ပြိုင်ပွဲတွင် ပထမ ထိုင်း၊ ဒုတိယ မြန်မာ၊ တတိယလာအို၊ Men's Fitness Physique One open Category ပြိုင်ပွဲတွင် ပထမ မြန်မာ၊ ဒုတိယ ဗီယက်နမ်၊ တတိယ ဗီယက်နမ်၊ Women's Fitness Physique One open Category ပြိုင်ပွဲတွင် ပထမ ဗီယက်နမ်၊ ဒုတိယ မြန်မာ၊ တတိယ ဗီယက်နမ် တို့အား ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီ၊ ကမ္ဘာ့ကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်နှင့် အရှေ့တောင်အာရှ ကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများနှင့် မြန်မာနိုင်ငံ ကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌတို့မှ တစ်ဦးချင်းဆုတံဆိပ်များ၊ ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် Trophy တို့အားအသီးသီး ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ရွှေတံဆိပ် ၅ ခု၊ ငွေတံဆိပ် ၅ ခု၊ ကြေးတံဆိပ် ၃ ခုတို့ ရရှိပြီး နိုင်ငံအလိုက် အဆင့် ၁ နေရာတွင် ရပ်တည်လျက်ရှိပြီး ၁၇-၅-၂၀၂၆ ရက်နေ့တွင် Event အမျိုး အစား ၁၂ မျိုးအား ပြိုင်ပွဲဝင်နိုင်ငံအသီးသီးမှ ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**အမျိုးသားအားကစား တိုးတက်ရေး**

**လူချွန်လူကောင်း ပျိုးထောင်ပေး**

# အားကစားရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးညီညီ ဝန်ထမ်းများသက်သာချောင်ချိစေရေးအတွက် သီးပင်စားပင် စိုက်ပျိုးရန်ဆောင်ရွက်ထားသည့် စိုက်ခင်းမြေနေရာများအား လိုက်လံကြည့်ရှုစစ်ဆေး






နေပြည်တော်၊ မေ ၂၅

အားကစားရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးညီညီသည် အမြဲတမ်းအတွင်းဝန် ဦးမျိုးကျော်သူ၊ အားကစားနှင့်ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိ အားကစားကစားကွင်းအတွင်းရှိ မြေနေလွတ်များတွင် ဝန်ထမ်းများ သက်သာချောင်ချိစေရေးအတွက် ရာသီအလိုက် သီးပင်စားပင်များ စိုက်ပျိုးရန် ရှင်းလင်းဆောင်ရွက်ထားသည့် စိုက်ခင်းမြေနေရာများ အား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီးနောက် ဒုတိယဝန်ကြီးက

စာမျက်နှာ ၁၄ သို့ ►

---

စာမျက်နှာ ၁၂ မှ အဆက် ►

အားကစားသမားနှင့် တတိယဆုကို မြန်မာအသင်းမှ စတီဗင်စိုးထွန်း တို့ကလည်းကောင်း၊ Men’s Bodybuilding 80kg ပြိုင်ပွဲတွင် ပထမဆုကို မြန်မာအသင်းမှ ချမ်းမြေ့ထွန်း၊ ဒုတိယဆုနှင့် တတိယ ဆုကို ဖိလစ်ပိုင်နှင့်ဗီယက်နမ်အသင်းတို့မှ အားကစားသမားများ က လည်းကောင်း၊ Men’s Bodybuilding Over 80kg ပြိုင်ပွဲတွင် ပထမနှင့် ဒုတိယဆုကို ဗီယက်နမ်အသင်းမှ အားကစားသမားနှင့် တတိယဆုကို မြန်မာအသင်းမှ အောင်ခိုင်ဝင်းတို့ကလည်းကောင်း၊ Men’s Athletlc Physique Up to 160 cm ပြိုင်ပွဲတွင် ပထမဆုကို မြန်မာအသင်းမှ ဟိန်းထက်ဇော်၊ ဒုတိယဆုကို ဗီယက်နမ်အသင်းမှ အားကစားသမားနှင့် တတိယဆုကို မြန်မာအသင်းမှ ရဲထက်နိုင် တို့က လည်းကောင်း၊ Men’s Athletlc Physique Up to 167cm ပြိုင်ပွဲတွင် ပထမဆုကို မြန်မာအသင်းမှ ဝေလင်းကျော်၊ ဒုတိယဆု ကို မလေးရှားအသင်းမှ အားကစားသမားနှင့် တတိယဆုကို ဗီယက်နမ်အသင်းမှ အားကစားသမားတို့ကလည်းကောင်း၊ Men’s Athletlc Physique Over 167 cm ပြိုင်ပွဲတွင် ပထမဆုကို ထိုင်းအသင်းမှ အားကစားသမား၊ ဒုတိယဆုနှင့်တတိယဆုကို မလေးရှားအသင်းမှ အားကစားသမားတို့ကလည်းကောင်း၊ Wom–en’s Ahtletic Physique up to 160cm ပြိုင်ပွဲတွင် ပထမဆုကို ဗီယက်နမ်အသင်းမှ အားကစားသမား၊ ဒုတိယဆုကို မြန်မာအသင်း မှ မိုးသက်ခိုင်နှင့် တတိယဆုကို ဗီယက်နမ်အသင်းမှ အားကစား သမားတို့က လည်းကောင်း၊ Women’s Athletic Physique Over 160cm ပြိုင်ပွဲတွင် ပထမဆုနှင့်ဒုတိယဆုကို ဗီယက်နမ်အသင်းမှ အားကစားသမားနှင့် တတိယဆုကို မလေးရှားအသင်းမှ အားကစား သမားတို့ကလည်းကောင်း၊ Women’s Model Physique up to 160cm ပြိုင်ပွဲတွင် ပထမဆုကို မြန်မာအသင်းမှ မီမီကျော်နိုင်၊ ဒုတိယဆုကို ဗီယက်နမ်အသင်းမှ အားကစားသမားနှင့် တတိယ ဆုကို ထိုင်းအသင်းမှ အားကစားသမားတို့ကလည်းကောင်း၊ Women’s Model Physique up to 165cm ပြိုင်ပွဲတွင် ပထမဆုကို ထိုင်းအသင်းမှ အားကစားသမား၊ ဒုတိယဆုကို ဗီယက်နမ်အသင်းမှ အားကစားသမားနှင့် တတိယဆုကို မြန်မာအသင်းမှ ထူးမြတ်ဝေ တို့က လည်းကောင်း၊ Women’s Model Physique Over 165cm ပြိုင်ပွဲတွင် ပထမဆုကို ဗီယက်နမ်အသင်းမှ အားကစားသမား၊ ဒုတိယဆုကို ထိုင်းအသင်းမှ အားကစားသမားနှင့် တတိယဆုကို မြန်မာအသင်းမှ ဝင်းသော်တာအောင်တို့ကလည်းကောင်း၊ Mixed Paits ပြိုင်ပွဲတွင် ပထမဆုကို ဗီယက်နမ်အသင်း၊ ဒုတိယဆုကို ဗီယက်နမ်အသင်းနှင့်တတိယဆုကို မြန်မာအသင်းမှ ဝေလင်းကျော်နှင့် လဲ့ရည်ထွန်းတို့ကလည်းကောင်း၊ Men’s Team Championship ပြိုင်ပွဲ အမျိုးသားအသင်းလိုက် တံခွန်စိုက်ဆုကို ပထမ မြန်မာနိုင်ငံ၊ ဒုတိယ ဗီယက်နမ်နိုင်ငံနှင့် တတိယ ထိုင်းနိုင်ငံတို့ကလည်းကောင်း၊ Women’s Team Championship ပြိုင်ပွဲ အမျိုးသမီးအသင်းလိုက် တံခွန်စိုက်ဆုကို ပထမ ဗီယက်နမ်နိုင်ငံ၊ ဒုတိယမြန်မာနိုင်ငံနှင့် တတိယ ထိုင်းနိုင်ငံမှလည်းကောင်း၊ Overall Championship Mr. south East Aaia 2026 ကာယဗလမောင်ဆုကို မြန်မာနိုင်ငံမှ ချမ်းမြေ့ထွန်းမှလည်းကောင်း အသီးသီးဆွတ်ခူးရရှိခဲ့ကြသည်။

ထို့နောက် ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားအား ဆက်လက်ကျင်းပခဲ့ရာ ပြိုင်ပွဲများအသီးသီးတွင် ဆုရရှိခဲ့ကြသူများ ကို အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီ၊ ကမ္ဘာ့ ကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ Datuk Paul Chua နှင့် အရှေ့တောင်အာရှ ကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ Mr. Phumvarin Chunhawongvarit ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးဗိုလ်ဌေး၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး၊ မြန်မာနိုင်ငံ ကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစား အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်သော ဦးကျော်သန်းနှင့် ဒေါ်ရီရီဝင်း၊ ကမ္ဘာ့ကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်နှင့် အရှေ့တောင် အာရှ ကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများက တစ်ဦးချင်းဆုတံဆိပ်များ၊ ဂုဏ်ပြုမှတ်တမ်းလွှာ များ နှင့် Trophy တို့အား အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အဆိုပါ (၂၀) ကြိမ်မြောက် အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲကို ၂၀၂၆ ခုနှစ် မေလ ၁၄ ရက်နေ့ မှ ၁၇ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ရာ ယနေ့ပြိုင်ပွဲများအပြီးတွင် မြန်မာအသင်းအနေဖြင့် ရွှေတံဆိပ် ၁၀ ခု၊ ငွေတံဆိပ် ၆ ခု၊ ကြေး တံဆိပ် ၉ ခု၊ စုစုပေါင်း ဆုတံဆိပ် ၂၅ ခုတို့ကို ဆွတ်ခူးရရှိခဲ့ပြီး နိုင်ငံအလိုက် အဆင့် ၁ ဖြင့် ထိုက်တန်စွာဆွတ်ခူး ရရှိခဲ့ကြောင်း သိရသည်။

# Nay Pyi Taw Amateur & Junior Open Championship
# ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ







နေပြည်တော်၊ မေ ၃၁

မျိုးဆက်သစ် ဂေါက်သီးအားကစားသမားများ၏ လက်ရည်အဆင့်အတန်း တိုးတက်လာစေရန်၊ နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် အဆင့်မီစွာ ပါဝင်ယှဉ်ပြိုင်နိုင်စေရန်နှင့် ထူးချွန်ထက်မြက်သည့် အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ အားကစားရေးရာဝန်ကြီးဌာန၏ ဦးဆောင်လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံဂေါက်သီး အားကစားအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသည့် Nay Pyi Taw Amateur & Junior Open Championship ဂေါက်သီးရိုက်ပြိုင်ပွဲတတိယနေ့ပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်၊ မြို့တော်ဂေါက်ကွင်း၌ ကျင်းပခဲ့ရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကံမြင့်သန်း၊ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီ၊ အားကစားရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးကျော်သူ၊ မြန်မာနိုင်ငံဂေါက်သီးအားကစား အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကိုကိုအေးနှင့်တာဝန်ရှိသူများ၊ Junior Golf Mayanmar (JGM)မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားအား ကျင်းပရာ မြန်မာနိုင်ငံဂေါက်သီး အားကစားအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူးနှင့် Junior Golf Myanmar (JGM) အတွင်းရေးမှူး ဦးတင်မောင်မောင်ဝင်းတို့က ပြိုင်ပွဲအားလက်ခံကျင်းပပေးပါသော မြို့တော်ဂေါက်ကွင်း (နေပြည်တော်)အား အမှတ်တရ ဂုဏ်ပြုလက်ဆောင်ပေးအပ်ခဲ့ရာ ကွင်းတာဝန်ခံ ညွှန်ကြားရေးမှူး ဦးနေဝင်းထွန်းက လက်ခံရယူခဲ့သည်။

ဆက်လက်ပြီး Junior Golf Myanmar (JGM) ဒုတိယဥက္ကဋ္ဌ ဦးဟိန်းထက်ဖိုလ်မှ Junior အဆင့် အသက် (၁၂) နှစ်အောက် သက်တမ်းလိုက်ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၁၈၈ ချက်ဖြင့် ပဥ္စမရရှိသော ကျော်လင်းထွန်း၊ စုစုပေါင်းရိုက်ချက် ၁၈၄ ချက်ဖြင့် စတုတ္ထဆုရရှိသော ရှင်းခန့်ဇော်၊ စုစုပေါင်း ရိုက်ချက် ၁၇၅ ချက်ဖြင့် တတိယဆုရရှိသော ရွှန်းပြည့်အောင် တို့အားလည်းကောင်း၊ စုစုပေါင်း ရိုက်ချက် ၁၇၄ ချက်ဖြင့် ဒုတိယဆုရရှိသော ဘုန်းမြတ်သော်၊ စုစုပေါင်းရိုက်ချက် ၁၇၂ ချက်ဖြင့် ပထမဆုရရှိသော အောင်စိုးထွန်း တို့အားလည်းကောင်း ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် အမျိုးသမီး ၁၈ နှစ်အောက် သက်တမ်းလိုက် ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၂၄၈ ချက်ဖြင့် ဒုတိယဆုရရှိသော Choi Hui နှင့် စုစုပေါင်းရိုက်ချက် ၂၂၈ ချက်ဖြင့် ပထမဆုရရှိသော ချိုသာအောင်တို့ကို မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ် တွဲဖက် အထွေထွေအတွင်းရေးမှူးနှင့် Junior Golf Myanmar (JGM) ဥက္ကဋ္ဌ ဦးအောင်ကိုဇော်တို့ကလည်းကောင်း၊ ဝါသနာရှင်အဆင့် (အမျိုးသား)ပြိုင်ပွဲတွင် ပထမဆုရရှိသော ဟိန်းနိုင်ဇင်အား ဂုဏ်ပြုချက်လက်မှတ်ဖြင့် မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးကလည်းကောင်း၊ အသက် ၁၄ နှစ်အောက် အမျိုးသားသက်တမ်းလိုက်ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၂၆၁ ချက်ဖြင့် ပဥ္စမရရှိသော ဝေယံလင်းဦး၊ စုစုပေါင်းရိုက်ချက် ၂၆၀ ချက်ဖြင့် စတုတ္ထဆုရရှိသော အာကာမင်းမောင်၊ စုစုပေါင်း ရိုက်ချက် ၂၃၆ ချက်ဖြင့် တတိယဆုရရှိသော ဟိန်းသန့်သူ၊ စုစုပေါင်း ရိုက်ချက် ၂၃၀ ချက်ဖြင့် ဒုတိယဆုရရှိသော အောင်သန်းထွဋ်၊

စာမျက်နှာ ၁၅ သို့ ►

စာမျက်နှာ ၁၃ မှ အဆက် ►



ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်မှာကြားချက်များအတိုင်း မိမိတို့ဝန်ကြီးဌာနမှဝန်ထမ်းများ၏စားဝတ်နေရေးကို တစ်ဖက်တစ်လမ်းတစ်လမ်းမှ အထောက်အကူပြုနိုင်စေရန် ရည်ရွယ်၍ ယခုစိုက်ခင်းအား အကောင်အထည်ဖော် ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ဝန်ထမ်းများအနေဖြင့် ရာသီပေါ်သီးနှံများကို အမျိုးအစား စုံလင်စွာ စိုက်ပျိုးသွားရန်လိုကြောင်း၊ မြေဆွခြင်းများ၊ အပင်စတင်စိုက်ပျိုးခြင်းများတွင် အမြစ်ပွားမှုနှုန်းများမှသာ သီးနှံထွက်နှုန်းများ ပိုမိုကောင်းမွန်နိုင်မည်ဖြစ်၍နားလည်ကျွမ်းကျင်သူများ၏ ပြောကြားမှုများအတိုင်း ပေါင်းသတ်ဆေး၊ ပိုးသတ်ဆေးများကို စနစ်တကျဝယ်ယူပြီး အပင်ဖြစ်ထွန်းအောင် ဝိုင်းဝန်းဆောင်ရွက်သွားရန် တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သိရသည်။

**အားကစားမြှင့်တင်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်း ဖြစ်ပါသည်**

# ၂၀၂၅ ခုနှစ်အတွက် အကောင်းဆုံးအားကစားသမားများဆုနှင့် အကောင်းဆုံး(အုပ်ချုပ်သူ/နည်းပြ) ဆုချီးမြှင့်ပွဲ အခမ်းအနားနှင့် ၂၀၂၆ ခုနှစ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ကြက်တောင်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ





ရန်ကုန် မေ ၁၁

မြန်မာနိုင်ငံအိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံ အားကစား မီဒီယာများအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ် ကျင်းပသည့် ၂၀၂၅ ခုနှစ် အတွက် အကောင်းဆုံးအားကစားသမားများဆုနှင့် အကောင်းဆုံး (အုပ်ချုပ်သူ/နည်းပြ) ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်း က အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)၊ ကျိုက္ကဆံကွင်း၊ ပြည်ထောင်စုခန်းမတွင် ကျင်းပခဲ့သည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူက ဂုဏ်ပြုအမှာစကား ပြောကြားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံအားကစား မီဒီယာများအဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌ ဦးဝဏ္ဏက ၂၀၂၅ ခုနှစ်အတွက် အကောင်းဆုံးအားကစား သမားဆုများ ရွေးချယ်ခဲ့မှုအခြေအနေများ၊ မြန်မာနိုင်ငံ အားကစား မီဒီယာများအဖွဲ့ချုပ်၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ နှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်း တင်ပြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ က အကောင်းဆုံး အမျိုးသားအားကစားသမားဆု ရရှိသော ရဲထွန်းနောင်(ကာယဗလ)အား ဂုဏ်ပြုဆုငွေကျပ် သိန်း (၂၀) နှင့် ဂုဏ်ပြုမှတ်တမ်းလွှာအားလည်းကောင်း၊ အားကစားနှင့်ကာယ ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညဏ်ဇော်ဦးက အကောင်းဆုံး အမျိုးသမီးအားကစားသမားဆုရရှိသော ဖြူဖြူသန်း (ပိုက်ကျော်ခြင်း) အား ဂုဏ်ပြုဆုငွေကျပ်သိန်း (၂၀) နှင့် ဂုဏ်ပြုမှတ်တမ်းလွှာအား လည်းကောင်း၊ မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌ ဦးဝဏ္ဏက အကောင်းဆုံး အုပ်ချုပ်/နည်းပြဆု ရရှိသော မြန်မာနိုင်ငံ ကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်သန်းအား ဂုဏ်ပြုဆုငွေကျပ် (၁၀) သိန်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာအားလည်းကောင်း အသီးသီးပေးအပ်ချီးမြှင့် ခဲ့ပါသည်။

ထို့နောက် ကာယဗလအားကစားသမား မောင်ရဲထွန်းနောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီးနောက် အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးခဲ့သည်။

ဆက်လက်၍ ၂၀၂၆ ခုနှစ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ကြက်တောင် ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက လမ်းမတော်မြို့နယ်၊ မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ်၊ အမျိုးသားကြက်တောင် အားကစား ခန်းမတွင် ကျင်းပခဲ့သည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ပြိုင်ပွဲဝင် အားကစားသမားများက အားကစားသစ္စာ ဓိဋ္ဌာန်(၄)ချက်ရွတ်ဆိုပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ နှင့်အဖွဲ့က ပြိုင်ပွဲဝင်အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်ကြပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ က ဘင်ခရာအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်သည်။

အဆိုပါပြိုင်ပွဲကို အားကစားသမား (၂၃၉) ဦးဖြင့် မေလ (၁၁) ရက်နေ့မှ မေလ (၁၅) ရက်နေ့အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၁၄ မှ အဆက်

စုစုပေါင်းရိုက်ချက် ၂၁၆ ချက်ဖြင့် ပထမဆုရရှိသော ထူးမြတ်အောင် တို့ကို အားကစားရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးကျော်သူကလည်းကောင်း ဆုများအသီးသီးပေးအပ် ချီးမြှင့် ခဲ့သည်။

ဆက်လက်၍ ၁၈ နှစ်အောက်(အမျိုးသား) သက်တမ်းလိုက် ပြိုင်ပွဲ တွင် စုစုပေါင်းရိုက်ချက် ၂၄၀ ချက်ဖြင့် ပဥ္စမဆုရရှိသော နိုင်ဦးကို၊ စုစုပေါင်း ရိုက်ချက် ၂၃၉ ချက်ဖြင့် စတုတ္ထဆုရရှိသော လင်းပြည့်မောင်၊ စုစုပေါင်း ရိုက်ချက် ၂၃၈ ချက်ဖြင့် တတိယဆုရရှိသော ပြည့်စုံအောင်၊ စုစုပေါင်းရိုက်ချက် ၂၃၄ ချက်ဖြင့် ဒုတိယဆုရရှိ သော ထက်အောင်ဝင့်၊ စုစုပေါင်းရိုက်ချက် ၂၂၈ ချက်ဖြင့် ပထမရရှိ သော ဆက်နိုင်အောင်တို့ကို အားကစားရေးရာဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးညီညီကလည်းကောင်း၊ ဝါသနာရှင်အဆင့် (အမျိုးသား) သက်တမ်းလိုက်ပြိုင်ပွဲတွင် စုစုပေါင်း ရိုက်ချက် ၂၁၉ ချက်ဖြင့် ဒုတိယဆုရရှိသော စိုးနိုင်အောင်၊ စုစုပေါင်းရိုက်ချက် ၂၁၆ ချက်ဖြင့် ပထမဆုရရှိသော ဟိန်းနိုင်ဇင်တို့ကို နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးကံမြင့်သန်းကလည်းကောင်း ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အဆိုပါ ဂေါက်သီးရိုက် ပြိုင်ပွဲကို ၂၀၂၆ ခုနှစ် မေလ ၂၉ ရက်နေ့မှ ၃၁ ရက်နေ့အထိ ၃ ရက်ကြာဆက်တိုက် နေပြည်တော်ရှိ မြို့တော် ဂေါက်ကွင်း၌ ကျင်းပပြုလုပ်ခဲ့ရာ ပြိုင်ပွဲတွင် ဝါသနာရှင်အဆင့် အားကစားသမား ၈၀ ဦး၊ Junior အဆင့် ကစားသမား ၅၀ ဦး၊ စုစုပေါင်း ၁၃၀ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သတင်းရရှိ ပါသည်။

# ကမ္ဘာ့ဖလားပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ငွေ တံဆိပ် ၁ခု နှင့်ကြေးတံဆိပ် ၁ခု ဆွတ်ခူးရရှိခဲ့ကြသည့် မြန်မာပိုက်ကျော်ခြင်းအသင်း ပြန်လည်ရောက်ရှိကြိုဆိုခြင်းနှင့် ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကျင်းပ





ရန်ကုန် ၊ မေ ၂၅

၂၀၂၆ ခုနှစ်၊ မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့တွင် မေလ ၁၆ ရက်မှ ၂၃ ရက်နေ့အထိ ကျင်းပခဲ့သည့် ၂၀၂၆ ကမ္ဘာ့ဖလားပိုက်ကျော်ခြင်းပြိုင်ပွဲကြီးတွင် မြန်မာအသင်းက အားကစားနည်း (၃)နည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အမျိုးသား (၃) ယောက်တွဲ Regu Event ကစားနည်းတွင် ငွေတံဆိပ်ဆု၊ အမျိုးသား (၄) ယောက်တွဲ Quadrant Event ကစားနည်းတွင် ပူးတွဲကြေးတံဆိပ်ဆုတို့ကို ရရှိခဲ့ပြီး နိုင်ငံအလိုက် တတိယဆုရရှိခဲ့ရာ ပထမဆုနှင့် ဒုတိယဆုကို အိမ်ရှင်မလေးရှားအသင်းနှင့် ထိုင်းအသင်းတို့ရရှိခဲ့ကြသည်။

အဆိုပါ မြန်မာအသင်းတွင် အုပ်ချုပ်မှုအဖွဲ့ ခေါင်းဆောင်အဖြစ် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရဲဝင့်ထွန်းတင်၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်မြင့်မြတ်၊ အသင်းအုပ်ချုပ်သူ ဦးမြင့်လွင်ဋ္ဌေး၊ နည်းပြ ဦးကျော်မင်းစိုးနှင့် ဦးအောင်မျိုးဆွေ ကစားသမား ဇင်မင်းဦး (အာဒစ်)၊ သန့်ဇင်ထွန်း(ခတ်လုံး)၊ အောင်အောင်(အောင်ကြီး)၊ အောင်မျိုးကျော်(မျိုးလေး)၊ ရှိန်းဝဏ္ဏဇော်(ရှိန်းလေး)၊ ရန်ပိုင်ဦး (ကျောင်းတိုက်)၊ ရဲထက်၊ ဟန်ဝင်းထွန်း(အန့်ကူ)၊ သက်ပိုင်စိုး၊ မင်းသန့်သူ၊ ချစ်လွန်းပို၊ ရှင်းသန့်နောင်တို့ ပါဝင်ခဲ့ကြသည့် မြန်မာပိုက်ကျော်ခြင်းအသင်းသည် ယမန်နေ့ ညနေပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိရာ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှအမှုဆောင်များ၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက ကြိုဆိုခဲ့ကြသည်။

ဆက်လက်၍ ည ၆ နာရီ အချိန်၌ရန်ကုန်မြို့ Western Park





Royal Kandawgyi ၌ ဂုဏ်ပြုပွဲအခမ်းအနားကိုကျင်းပရာ အားကစားနှင့်ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးခွန်ဂျာအောင်နှင့် အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်) ကျောင်းအုပ်ကြီး ဦးထွန်းထွန်းဦး၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ၊ အလုပ်အမှုဆောင်များ၊ မိတ်ဖက်ကုမ္ပဏီများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များနှင့် ဆုရအားကစားသမားများတက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံ ပိုတ်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရဲဝင့်ထွန်းတင်နှင့် မိတ်ဖက်ကုမ္ပဏီများဖြစ်ကြသည့် ရွှေသံလွင်မီဒီယာ(SKY NET)၊ GLORY SPORTS ၊ Bebee TV ၊ GREEN CIRCLE COMPANY (ROCKER ENERGY DRINK) တို့မှ တာဝန်ရှိပုဂ္ဂိုလ်များက ဂုဏ်ပြုအမှာစကားအသီးသီးပြောကြားခဲ့ပြီး မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရဲဝင့်ထွန်းတင်က ဂုဏ်ပြုချီးမြှင့်ငွေ ကျပ် ၁၂၅ သိန်း၊ ဒုတိယဥက္ကဋ္ဌ (၁) ဦးအောင်မြင့်မြတ်က ဂုဏ်ပြုချီးမြှင့်ငွေ ကျပ် ၇၅ သိန်း၊ ဒုတိယဥက္ကဋ္ဌ (၂) ဦးဖြိုးဇော်ဦးက ငွေကျပ် ၂၅ သိန်း၊ ROCKER ENERGY DRINK မှ ငွေကျပ်သိန်း ၁၈၀ ၊ Bebee TV မှ ငွေကျပ် သိန်း၂၀ ၊ GLORY SPORTS မှ ငွေကျပ် ၅ သိန်းနှင့် ဦးအောင်ကျော်သူတို့မှ ငွေကျပ် ၅ သိန်းတို့ကို အသီးသီးပေးအပ် ချီးမြှင့်ခဲ့ကြသည်။

ယင်းနောက် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် အလုပ်အမှုဆောင်၊ ဘဏ္ဍာရေးမှူး ဦးရဲမြလွင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး စုပေါင်းမှတ်တမ်းတင်ဓါတ်ပုံ ရိုက်ကူး၍ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရှိရသည်။

---

အားကစားဆိုသည်မှာ အင်အားနှင့်ဉာဏ်ရည်ကို အသုံးချပြီး လှုပ်ရှားယှဉ်ပြိုင်မှုဖြစ်သည်

Sports is Games or Competitions Involving Physical and Mental Activity

# ရက် ၁၀၀ စီမံချက်အကျိုးနှင့် မြန်မာ့အားကစား စဉ်ဆက်မပြတ် တိုးတက်စေရေး အားကစားနှင့်ပညာရေးပေါင်းစပ်ပေး

ရဲလွင်အောင်(YU)

နိုင်ငံတော်သမ္မတ လမ်းညွှန်ချက်နှင့်အညီ ပြည်ထောင်စုဝန်ကြီးဌာန အသီးသီးက မြန်မာပြည်သူပြည်သားများအကျိုး၊ အမိနိုင်ငံတော်အကျိုးမျှော်ကိုးကာ သတ်မှတ်ကာလအတွင်း ဖြစ်သင့် ဖြစ်ထိုက်သည်များ၊ ဆောင်ရွက်သင့် ဆောင်ရွက်ထိုက်သည်များကို စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်နေကြသည်။ ဥပမာ– လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဆိုလျှင် နိုင်ငံသားစိစစ်ရေးကဒ်များကို သတ်မှတ်ချက်နှင့် ကိုက်ညီသူ နိုင်ငံသားများကို အချိန်တိုအတွင်း ထုတ်ပေးလျက်ရှိ ကျန်းမာရေးဝန်ကြီးဌာနကလည်း ပြည်သူလူထုကျန်းမာရေးဘဝ ပြည့်စုံအောင် နေပြည်တော်စည်ပင်သာယာရေးကော်မတီအဖွဲ့ကလည်း မြို့ပြဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ကြီးပမ်းဆောင်ရွက်မှု အစရှိသဖြင့် သတင်းများကို နေ့စဉ်ထုတ် သတင်းများမှာ ထုတ်ပြန်လျက်ရှိသည်ကို ဖတ်ရှုသိရှိရပါသည်။ မိမိတို့ အားကစားရေးရာဝန်ကြီးဌာနအနေနှင့်လည်း နိုင်ငံတော်ကတာဝန်ပေးထားသည့် မြန်မာ့အားကစားအဆင့်အတန်း မြင့်မားတိုးတက်ရေးအတွက်ဆောင်ရွက်သင့်ဆောင်ရွက်ထိုက်သည်များကို မြန်မာနိုင်ငံအားကစား အဖွဲ့ချုပ်များ ဆက်စပ်ဝန်ကြီးဌာနများနှင့် လက်တွဲပူးပေါင်း ဆောင်ရွက်လျက်ရှိသည်။ ရက် ၁၀၀ စီမံချက်ဆိုသည်မှာ ရေတိုစီမံချက် တစ်ခုဟုသတ်မှတ်မည်ဆိုလျှင် လည်းသတ်မှတ်၍ ရသကဲ့သို့ ရေတိုစီမံချက်ထက် ပိုမိုတိုတောင်းသောကာလဆိုင်ရာ အသေးစိတ်/အသေးစား စီမံချက် (Micro Planning) ဟူ၍ မိမိတစ်ကိုယ်ရည်အနေနှင့် မြင်မိသည်။ မိမိတို့ ပုံမှန်တာဝန်ထမ်းဆောင်နေသော၊ ဆောင်ရွက်နေသောကိစ္စရပ်တစ်ခုကို သာမန်ထက်နက်နက်ရှိုင်းရှိုင်း တွေးတော အကောင်အထည်ဖော်ဆောင်ရွက်သင့်ပါသည်။

မိမိတို့လို နိုင်ငံအနေနှင့် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ဝန်ကြီးချုပ်များအနေနှင့် နိုင်ငံတော်က ချမှတ်ထားသော မူဝါဒများ၊ လမ်းညွှန်ချက်များနှင့်အညီ နိုင်ငံ၏ ရေရှည်အကျိုးနှင့် မိမိတာဝန်ကျရာနေရာ၏ ရေရှည်အကျိုး ရည်မြော်၍ အကောင်အထည်ဖေါ်ဆောင်ရွက်ရသည့် အားလျော်စွာ အချို့သောအကြီးအကဲများမှာ အစိုးရ သက်တမ်းတစ်ခုထက် ပိုမိုဆောင်ရွက်ရန် တာဝန်ပေးအပ်ခံရတာ ချီးကျူးဂုဏ်ပြုစရာ ဖြစ်ပါသည်။

ကျွန်တော့အနေနှင့် အဓိကတင်ပြလိုသည်မှာ နိုင်ငံ့ဝန်ထမ်းများကဏ္ဍ ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရက ရက် ၁၀၀ စီမံချက်ဆောင်ရွက်ရန် နိုင်ငံတော်သမ္မတကိုယ်တိုင်က လမ်းညွှန်ထားရှိမှုအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနရှိ နိုင်ငံ့ဝန်ထမ်း (အရာထမ်း/အမှုထမ်း)များက မိမိတို့ဌာန ရေရှည်အကျိုးအတွက် ယခုရက် ၁၀၀ အတွင်း မည်သည့်ကဏ္ဍကို ဦးစားပေး ဆောင်ရွက်သင့်သည်ကို အကြီးအကဲများထံ သေချာစွာတင်ပြ ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ ရက် ၁၀၀ မှသည် အစိုးရ သက်တမ်းကုန်၍ နောင်အစိုးရသက်တမ်းမှာလည်း ယခင်အစိုးရဆောင်ရွက်ချက်ထက် ပိုမိုကောင်းမွန်သော လုပ်ငန်းများဆောင်ရွက်ရန်မှာလည်း ဌာနအတွင်းရှိ အရာထမ်း/အမှုထမ်းများက ပိုမိုတာဝန်ရှိသည်ဟု မြင်မိပါသည်။

နိုင်ငံတော်အစိုးရက တိုင်းပြည်အတွက် အသက်သွေးကြောပမာ ပဓါနကျသော ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍ မြင့်မားတိုးတက်ရေးအတွက် ဘက်ပေါင်းစုံမှ ဆောင်ရွက်လျက်ရှိရာ အဆိုပါ ကဏ္ဍနှစ်ခုအတွက် အားကစားကဏ္ဍကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဆိုလျှင် ဇာတ်ကြီး (၁၀) ဘွဲ့ပါ "သုဝဏ္ဏ သာမဇာတ်တော်" မှ "ငါတို့သည်ကား၊ သားရွှေအိုး ထမ်းတာမြင်လိုပါသည်" ဟု မျက်မမြင် မိအို ဖအိုဖြစ်သူ ဒုကူလနှင့်ပါရိကာတို့က ဆုတောင်းသလို သက်ရှည်ကျန်းမာကြံ့ခိုင်လျက် ဗလငါးတန်ပြည့်စုံကုံလုံသော ပြည်သူ့အကျိုး နိုင်ငံ့အကျိုးပြုမည့် ခေတ်ပညာတတ်နိုင်ငံ့ သားကောင်း၊ သမီးကောင်းများ ပေါ်ထွန်းလာရေးကို အထောက်အကူပြုမည်ဟု မိမိအနေနှင့် ခိုင်မြဲစွာယုံကြည်မိပါသည်။ ထို့ကြောင့်မိမိတို့ အားကစားဌာနက "Mass Sports to Excellent Sports" (လူထုအားကစားမှ ထူးချွန်အားကစားဆီသို့) ဦးတည်ဆောင်ရွက်မှုသည် လွယ်မယောင်နှင့် အင်မတန်ခက်သော လုပ်ငန်းစဉ်ဖြစ်ကြောင်း အားကစားလောကသားများက ပိုမိုသိမြင်ကြမည် ဖြစ်ပါသည်။

ယခုလဆောင်းပါးတွင် အဆိုပါ အားကစား လုပ်ငန်းစဉ် Process အတွက် ရှေးယခင် ဌာနအကြီးအကဲများက အမြော်အမြင်ကြီးစွာဖြင့် ဖွဲ့စည်းပေးခဲ့သော အားကစားနှင့်ပညာရေးပေါင်းစပ် ဌာနခွဲအကြောင်းတင်ပြလိုပါသည်။။

မိမိတို့ ဝန်ကြီးဌာနရှိ ဌာနခွဲများအနက် အဆိုပါဌာနခွဲတွင် အရည်အချင်းပြည့်စုံသော အားကစားအရာရှိပေါင်းများစွာ(ရာဂဏန်းနီးပါးမျှ ရှိမည်ထင်ပါသည်)ကို နိုင်ငံတော် ဘတ်ဂျက်များစွာဖြင့် ခန့်အပ်ထားသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ သို့သော် အဆိုပါအရာရှိများကို စနစ်တကျ တာဝန်ပေးအပ်ခြင်းမရှိလျှင် အားကစားလောက လူ့စွမ်းအားအရင်းအမြစ် အမှန်များ ဆုံးရှုံးမည်ဖြစ်သလို တန်ဖိုးဖြတ်မရ အစားထိုးပြန်မရနိုင်သော "အချိန်" ကာလများက သက်သေတည်နေမည် ဖြစ်ပါသည်။ တချို့လည်း မိမိတို့ နှစ်ပေါင်းများစွာ အားကစားလောကအတွင်း အားကစားသမား/ နည်းပြ/ ဒိုင်တာဝန်များကို နိုင်ငံတော်အတွက် တာဝန်ကျေစွာ ထမ်းရွက်ခဲ့ဖူးကြသည်။ သို့သော် အားကစားအရာရှိဖြစ်မှ မိမိတို့ အမှန်တကယ်မြတ်နိုးသော အားကစားတာဝန်များကို လူမှန်၊ နေရာမှန် တာဝန်ထမ်းဆောင်ရန် အခြေအနေမပေးခြင်း (သို့) မိမိ၏ မိသားစုရေးရာအခက်အခဲတစ်ခုကို အကြောင်းပြု၍ နှုတ်ထွက်သွားသည်များရှိခဲ့ပါသော် အမှန်တကယ်နစ်နာရမည်မှာ မိမိတို့ဌာနနှင့် နိုင်ငံတော်ဖြစ်ပါသည်။ အဆိုပါဌာနခွဲအတွက် အားကစားအရာရှိတစ်ဦးချင်း၏ Duty and Function ကို တာဝန်ရှိသူ အားလုံးက ဝိုင်းဝန်းစဉ်းစားသုံးသပ်ပေးသင့်ပေသည်။ ဒီဌာနခွဲမှာ ခန့်ထားပြီး အားကစားအသင်းမှာ ကစားသမားဖြစ်နေတာမျိုး၊ အခြားဌာနခွဲများတွင် လ/နှစ်နှင့်ချီ သွားရောက်တွဲဖက်တာဝန် ထမ်းဆောင်တာမျိုးကဖြစ်သင့်/ မဖြစ်သင့်၊ မိခင်ဝန်ကြီးဌာနအကျိုး၊ နိုင်ငံတော်အကျိုးနှင့်ချိန်ညှိ၍ တာဝန်ပေးအပ်သင့်ပါသည်။

ပညာသင်ကြားနေသော ကျောင်းများအားလုံးတွင် ကျောင်းသား၊ ကျောင်းသူတိုင်း အားကစားနည်း တစ်မျိုးမျိုးကို မဖြစ်မနေလေ့လာလိုက်စားစေရေးဆောင်ရွက်ရန် ပညာရေးဌာန၊ အားကစားဌာနတို့က Focal အနေနှင့် ဆောင်ရွက်ရန် ဆက်စပ်နေသောမြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ မိဘပြည်သူများအားလုံး ဖြစ်နိုင်သမျှ ဝိုင်းဝန်း၍ အမျိုးသားရေးတာဝန်တစ်ရပ် အနေနှင့် ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ ပညာရေးစနစ်ကလည်း စဉ်ဆက်မပြတ် အကဲဖြတ်စနစ်ကြောင့်ဖြစ်၍

ကျောဖုံးသို့ ►

# (၂၁) ကြိမ်မြောက် အာရှနှင့်သမုဒ္ဒရာပိုင်းဆိုင်ရာ ဒေသတွင်း အားကစားကဏ္ဍတားမြစ်ဆေးဝါးသုံးစွဲမှု ဆန့်ကျင်ရေးအတွက်အစိုးရပိုင်းဆိုင်ရာဝန်ကြီးများအဆင့်အစည်းအဝေးနှင့် ဒေသတွင်း ဆွေးနွေးပွဲသို့ တက်ရောက်ရန် အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးရဲမြင့်ထွန်း ပြည်ပထွက်ခွာ





ရန်ကုန်၊ မေ ၃၁

၂၀၂၆ ခုနှစ် ဇွန်လ ၁ ရက်နေ့မှ ၃ ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပေကျင်းမြို့တွင် ကျင်းပပြုလုပ်မည့် (၂၁) ကြိမ်မြောက် အာရှနှင့်သမုဒ္ဒရာပိုင်းဆိုင်ရာဒေသတွင်း အားကစားကဏ္ဍတားမြစ်ဆေးဝါးသုံးစွဲမှု ဆန့်ကျင်ရေးအတွက် အစိုးရပိုင်းဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဒေသတွင်းဆွေးနွေးပွဲသို့ တက်ရောက်ရန် အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း ဦးဆောင်ပြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦးနှင့် မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ်မှ ပါမောက္ခဒေါက်တာ ဒေါ်သန်းသန်းဌေးတို့သည် ယနေ့ နံနက် ၁၁း ၂၅ နာရီအချိန်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှလေယာဉ် အမှတ်(CZ-3056)ဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပေကျင်းမြို့သို့ထွက်ခွာသွားရာ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မင်းသန်းနှင့် တာဝန်ရှိသူများက လိုက်လံပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်းသိရသည်။

စာမျက်နှာ ၁၆ မှ အဆက် ►

အားကစားအပေါ်စိတ်ပါဝင်စားမှု၊ ထူးချွန်မှုတို့ဖြင့်ပါ အကဲဖြတ်ပေးသင့်ပါသည်။ ထို့အပြင် အားကစားပညာသင် Scholarship များ ရရှိအောင်ဆောင်ရွက်ပေးခြင်း မူ/ လယ်/ ထက်အဆင့် အားကစားပြိုင်ပွဲများ ကျင်းပပေးခြင်းမှသည် ကျောင်းသား အားကစားပွဲတော်ကိုပါ ပုံမှန်ကျင်းပပေးရပေမည်။

မိမိတို့၏ မိတ်ဖက် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ၂၀၁၃ ခုနှစ်က National Youth Games နှင့် National Student Games တို့ကို ပေါင်းစပ်၍ ပထမအကြိမ် လူငယ်ကျောင်းသား အားကစားပွဲတော် 1st Student ( Youth ) Games ကျင်းပခဲ့ရာတွင် အဆိုပါပြည်တွင်း လူငယ်ကျောင်းသားအားကစားပြိုင်ပွဲမှ ကမ္ဘာ့လူငယ်အားကစားစံချိန်ချိုးသည့် Record ရှိခဲ့ဖူးပါသည်။ ထို့ကြောင့် မိဘများ၊ ဆရာများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အားကစားအဖွဲ့ချုပ်များအားလုံး ကျောင်းပညာ သင်ကြားနေသော မိမိတို့၏ နိုင်ငံ့သားကောင်း ရင်သွေးငယ်များအားလုံးကို အားကစားနည်းတစ်မျိုးမျိုးတွင် စိတ်ပါဝင်စားကာ ကစားလာစေရေး ထိုမှတဆင့် ကျောင်းသားအားကစားပွဲတော်အထိ ပါဝင်ဆင်နွှဲရေးကို လက်တွဲခေါ်ယူဆောင်ရွက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ် အနေနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းအားလုံး မဖြစ်မနေ ဆောင်ရွက်သင့်ပါသည်။

ထိုမှတဆင့် ကျွမ်းကျင်နည်းပြ၊ပညာရှင်များက အလားအလာရှိသူများကို ဆက်လက်လေ့ကျင့်သင်ကြားပေးခြင်းဖြင့် ပြည်တွင်းအားကစားပြိုင်ပွဲများ အာဆီယံကျောင်း အားကစားပြိုင်ပွဲများ (Asean School Games) အပါအဝင် အာဆီယံ တက္ကသိုလ်ပြိုင်ပွဲများ (Asean University Games) မှတဆင့် အရှေ့တောင်အာရှ/အာရှ) ပြိုင်ပွဲများအတွက် နိုင်ငံတော်က အားထားရမည့် အားကစားလည်းတော်၊ ပညာလည်းမည့်သည့် လူငယ်လက်ရွေးစင်များ ပေါ်ထွက်လာမည် ဖြစ်ပါသည်။

နိဂုံးချုပ်အားဖြင့် အားကစားနှင့်ပညာရေးပေါင်းစပ် ဆောင်ရွက်ခြင်းကို စနစ်တကျ သေချာစွာအကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် မြန်မာ့အားကစားလောက ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုရုံမက အားကစားချစ်စိတ်၊ နိုင်ငံချစ်စိတ် ထုံမွှမ်းလျက် ကျန်းမာကြံ့ခိုင်သော ဗလငါးတန်ပြည့်ဝသော ခေတ်ပညာတတ်လူငယ်များက ခေတ်မီနိုင်ငံတော်ထူထောင်ရေးအတွက် ပါဝင်လာကြစေရေး အားကစားချစ်စိတ်၊ နိုင်ငံချစ်စိတ်ဖြင့် ယခုဆောင်းပါးအား တင်ပြလိုက်ရပါကြောင်း......

**အားကစားအမျိုးအစား (၄) မျိုး**

၁။ Competitive Sport – ယှဉ်ပြိုင်အားကစား
၂။ Leisure Sport – အပန်းဖြေအားကစား
၃။ Traditional Sport – ရိုးရာအားကစား (ခြင်းလုံး၊ သိုင်း၊ လက်ဝှေ့၊ နပန်း၊ ကျင်၊ ထုပ်ဆီးတိုး)
၄။ Mass Sport – လူထုအားကစား